# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၉ ရက်၊ သောကြာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၈

အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ *ဖတ်စရာ***

## "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၃) (ပညာရေးဝန်ကြီးဌာန)

ဆောင်းပါး | စာ ၁၆

## မုတ်သုံလေ အားအလွန်ကောင်းနေခြင်းကြောင့် မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်နိုင်

နေပြည်တော် ဇွန် ၈

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ယနေ့နံနက်မှ ဇွန် ၁၃ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် *စာမျက်နှာ ၁၀ ကော်လံ ၁* ❑

မြန်မာ့အလင်း

# ခေတ်မီသူတိုင်းအတွက် အောင်ဘာလေအွန်လိုင်းထီ

အောင်ဘာလေထီ တစ်ခေတ်ဆန်းသစ်ပေပြီ။ လွတ်လပ်ရေးမရမီ ခေတ်ကတည်းကစကာ ဆယ်စုနှစ်ပေါင်းများစွာ စက္ကူပုံနှိပ် ထီလက်မှတ်များကို ထီဆိုင်များသို့ သွားရောက်ဝယ်ယူကံစမ်းခဲ့ကြရာမှ မျက်မှောက်ကာလ ဒစ်ဂျစ်တယ်ခေတ်တွင် အွန်လိုင်းမှတစ်ဆင့် ထိုင်ရာမထ ထီထိုးနိုင်ကြပြီ။ အသစ်ဘယ်လိုပြောင်းပြောင်း အဟောင်းကိုသာ စွဲသူတို့အဖို့လည်း ပုံနှိပ်ရောင်းချသည့် အောင်ဘာလေထီစနစ်က ရှိနေဦးမည်ဖြစ်ရာ ထီကိုယ်စားလှယ်တို့ ရောင်းချကြသည့် ထီဆိုင်၊ ထီကား၊ ထီလှည်းတို့တွင် ထီလက်မှတ်ကလေးများဝယ်ယူကာ တစ်လတာ စိတ်ကူးအိပ်မက်မက်နိုင်သည့် အခွင့်အလမ်းများ ဆက်လက်တည်မြဲ ရှိနေသေးသည်။

လက်ရှိ အောင်ဘာလေသိန်းဆု ထီလက်မှတ်စနစ်သည် အနယ်နယ်အရပ်ရပ်မှ ထီကိုယ်စားလှယ်များက ပြန်လည်ရောင်းချသည်ကို ထီဝါသနာရှင်တို့က ဝယ်ယူကံစမ်းကြရခြင်းဖြစ်ပြီး သတ်မှတ်ဈေးနှုန်း ထီတစ်စောင် ကျပ် ၁၀၀၀ ထက် ပိုမိုပေးကြရသည်ကများသည်။ ထိုဈေးနှုန်း ပိုပေးရခြင်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်တို့၏အဆိုအရ ထီလက်မှတ် အက္ခရာတူ၊ ဂဏန်းတူများ၊ အက္ခရာစဉ်၊ ဂဏန်းစဉ်များ စသည်ဖြင့် တွဲပေးရခြင်း၊ ပလတ်စတစ်အိတ်များ၊ စက္ကူကတ်များဖြင့် သေသပ်လှပအောင် ထုပ်ပိုးပေးရခြင်းကြောင့် စရိတ်စက ပိုမိုကုန်ကျမှုများ ရှိကြောင်း၊ ထို့အပြင် ထီကိုယ်စားလှယ် အဆင့်ဆင့်ရှိနေခြင်းကြောင့်လည်း ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားကြသည်။ မည်သို့ဆိုစေ ထီဝါသနာရှင်တို့အဖို့ သတ်မှတ်ဈေးနှုန်း ထီတစ်စောင်လျှင် ကျပ် ၁၀၀၀ နှင့် ရောင်းချသောဆိုင်ကို တွေ့ရန်ခဲယဉ်းသည့်အလျောက် အလွယ်တကူတွေ့သည့် ထီဆိုင်၌သာ ဆိုသည့်ဈေးအတိုင်းပေး၍ ထိုးနေကြရခြင်းဖြစ်သည်။

အောင်ဘာလေထီသည် အစိုးရက ဖွင့်လှစ်ပေးသည့် တရားဝင်ထီဖြစ်ပြီး လောင်းကစားမဆန်သော ကံစမ်းရန်အတွက်သာဖြစ်သည်။ သို့ရာတွင် ဂဏန်းနှစ်လုံး၊ သုံးလုံး၊ ထိုင်းထီ စသည့် လောင်းကစားများနှင့် မိမိတို့နိုင်ငံတွင် တရားဝင်မဟုတ်သော တစ်ဖက်နိုင်ငံမှ ထီရောင်းချမှုများ နိုင်ငံအတွင်း ဝင်ရောက်ပျံ့နှံ့လျက်ရှိရာ အောင်ဘာလေထီအနေဖြင့် ထီဈေးကွက်တွင် ပိုမိုဆွဲဆောင်နေစေရန် အစီအစဉ်များ၊ တီထွင်ဆန်းသစ်မှုများကို စဉ်ဆက်မပြတ်ပြုလုပ်နေရမည်ဖြစ်သည်။ ယခု စတင်လိုက်ပြီဖြစ်သည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် ပြည်သူများနှင့် ရင်းနှီးလာရေးနှင့် အလွယ်တကူ အသုံးပြုနိုင်ရေးတို့အပြင် မသမာသူတို့က နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်လာနိုင်သည့်အပေါ် လုံခြုံရေးအစီအမံများနှင့် ဈေးကွက်မြှင့်တင်ရေး အစီအစဉ်များလည်း ဆက်လက်ဆောင်ရွက်သွားရဦးမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ အောင်ဘာလေထီစနစ်သည် လောဘစိတ်ဖြင့် လောင်းကစားရခြင်းမျိုးမဟုတ်ဘဲ ကုသိုလ်စိတ်ဖြင့် ကံစမ်းကြရခြင်းသာဖြစ်သည်။ မိမိကံစမ်းလိုက်သော ကျပ် ၁၀၀၀ တွင် ကျပ် ၇၀၀ သည် ထီကံထူးရှင်များအတွက် ဆုကြေးငွေသို့ဝင်သွားပြီး ကျပ် ၃၀၀ သည် နိုင်ငံတော်ဘဏ္ဍာငွေသို့ ဝင်သွားသည်။ နိုင်ငံတော်ဘဏ္ဍာငွေသည် ကျောင်း၊ ဆေးရုံ၊ လမ်း၊ တံတား စသည်ဖြင့် ပြည်သူလူထုကို ပြန်လည်အကျိုးပြုသည်။ သို့ဖြစ်ရာ ထီကံစမ်း သူသည် ထီပေါက်လျှင် ကံထူးရှင်ဖြစ်ပြီး ထီမပေါက်လျှင် ကုသိုလ်ရှင်ဖြစ်၍ အကျိုးထူးသည်ချည်းသာ။ သည့်အပြင် ထီတစ်စောင် ငွေကျပ် ၁၀၀၀ ဖြင့်ထိုးပြီး သိန်း ၅၀၀၀ စိတ်ကူးအိပ်မက်ကို တစ်လတာမက်ခွင့်ရခြင်းက အမြတ်ပင်ဖြစ်သည်။

ယခုအခါ မိုဘိုင်းတယ်လီဖုန်း ကိုင်ထားသူတိုင်း အောင်ဘာလေထီကို အချိန်မရွေး၊ နေရာမရွေး သတ်မှတ်ဈေးနှုန်းဖြင့် စိတ်ကြိုက်နံပါတ်များ ရွေးချယ်ဝယ်ယူနိုင်ကြတော့မည်ဖြစ်ရာ ခေတ်မီသူတိုင်း အောင်ဘာလေအွန်လိုင်းထီ ထိုးကြပါစို့ဟု နှိုးဆော်လိုသည်။ ထီပေါက်လျှင် မိမိဖုန်းထဲသို့ မက်ဆေ့ချ်ရောက်လာပြီး တော်ယုံတန်ယုံဆုကြေးငွေပမာဏကို မည်သည့်ရုံးမှ သွားစရာမလိုဘဲ အွန်လိုင်းမှပင် လွှဲပြောင်းရရှိလာမည့် အောင်ဘာလေအွန်လိုင်းထီ ပြည်သူများနှင့် အနီးဆုံးဆီသို့ ရောက်ရှိလာပြီဖြစ်သည်။ လစဉ်အနည်းဆုံး ကျပ် ၁၀၀၀ ဖိုး အောင်ဘာလေထီ မှန်မှန်ထိုးကာ အကျိုးထူးများ ခံစားနိုင်ကြပါစေကြောင်းနှင့် ကံအကျိုးပေးထူး၍ ထီဆုကြီးများ ပေါက်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၈**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေး၊ ဇွန် ၈ ရက်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန် ဆက်ဆံရေး ထူထောင်သည့် (၇၃) နှစ်မြောက် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်နှင့် စာလွှာများအောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ကိစ္စ၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး လျှင်မြန်ချောမွေ့စေရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးမြှင့်တင်ရန် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မူဘောင်များအောက်မှ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၁၀-၆-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၂၃)တွင် မိခင်ကို အလုပ်အကျွေးပြုနေသောသူကို ခေးပြများကပင် အတုယူပြီး ပြန်လည်ကူညီပေးသည့်အကြောင်း တင်ဆက်ထားသည့် "သားလိမ္မာ" မျက်နှာဖုံးကာတွန်း၊ လိမ်လည်ကောက်ကျစ်ခြင်းနှင့် ပရိယာယ်သုံးခြင်းကိုမနှစ်သက်ဘဲ ရိုးသားပြီးတိကျမှုကို နှစ်သက်သော အဘိုးအိုနှင့်ကတိမတည်သော လူငယ်လေးအကြောင်း တင်ဆက်ထားသည့် "အကြံပိုင်၍ အကျွေးပြန်ရခြင်း" နှစ်မျက်နှာကာတွန်း၊ ဗဟုသုတစုံလင်သည့် ရွှေသွေးဂျာနယ်ကို ကလေးတို့ဖတ်သင့်သည့်အကြောင်း ရေးသားထားသည့် "ဘုန်းဆင့်-ကလေးတို့ဖတ်စရာ" တစ်မျက်နှာကာတွန်း၊ ဘုရင်ကြီးသည် ပညာရှိအမတ်ကြီးအား ပညာစမ်းလို၍ အားလုံးဆင်တူနေသော မြင်းသားအမိအား ခွဲခြားခိုင်းသည့်အကြောင်း တင်ဆက်ထားသည့် "အမေ" နှစ်မျက်နှာကာတွန်း၊ မျက်စိဆရာဝန်ကြီးမှ သွားဆရာဝန်အဖြစ် ရည်ရွယ်ချက်ပြောင်းသွားသည့် ဖြိုးရဲ့အကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် "သွားဆရာဝန်" နှစ်မျက်နှာကာတွန်း၊ ကျောင်းသို့ ကျန်းမာရေးလာစစ်သောအခါ မျက်စိ၏ အရောင်မှာ အညိုရောင်ဖြစ်နေသည်ကို ပြန်ဖြေလိုက်သည့် ပေါ်ပိုင်း၏အဖြေကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် "အရင်အတိုင်းပါပဲ" မျက်နှာဝက်ကာတွန်း၊ မိမိဖတ်ရှုပြီးသော စာအုပ်များကို စုဆောင်းကာ စာကြည့်တိုက်သို့ လှူဒါန်းသည့် ကလေးငယ်အကြောင်း ရေးဖွဲ့ထားသည့် "စာအုပ်အလှူ" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဥာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင် ၄၀၀ ကျပ်ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းမှ ပညာရေးဌာနသို့ ထိုင်ခုံများနှင့် ပညာသင်ထောက်ပံ့ကြေးလှူဒါန်း

**သီပေါ ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက်မှ ပညာရေးဌာနသို့ ပလတ်စတစ်ထိုင်ခုံများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးတင်မောင်မောင်က အသင်းမှရရှိသော အတိုးငွေများဖြင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်း၊ အသင်းသားများအား အမြတ်ငွေများခွဲဝေပေးခြင်း၊ အငြိမ်းစား ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် ဌာနဆိုင်ရာများမှ လိုအပ်လျက်ရှိသော ထိုင်ခုံများအား အလှည့်ကျစနစ်ဖြင့် လှူဒါန်းပေးလျက်ရှိပြီး ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရတနာဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထိုင်ခုံများနှင့် ပညာသင်ထောက်ပံ့ကြေးငွေများကို ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မိုး၊ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ် ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများကို ပေးအပ်လှူဒါန်းသည်။



မြို့နယ် ဝန်ထမ်းပေါင်းစုံသမဝါယမအသင်း အနေဖြင့် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ပလတ်စတစ်ထိုင်ခုံ အလုံး ၂၇၀ ကိုလည်းကောင်း၊ အသင်းသားများ၏ သား သမီးများ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်သိန်း ၄၀ ကို လည်းကောင်း၊ တက္ကသိုလ်နှင့် အဝေးသင် ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း စုစုပေါင်း ငွေကျပ်သိန်း ၉၀ ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အနောက်တောင် မုတ်သုံလေ ဝင်ရောက်

**နေပြည်တော် ဇွန် ၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ "လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။"

**မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အဆိုအကများဖြင့် တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စုဘူးအတွင်းသို့ အောင်အတိတ် အောင်နိမိတ်ဆောင် အောင်မင်္ဂလာရွှေဒင်္ဂါးကို ထည့်သွင်း၍ အောင်ဘာလေအွန်လိုင်းသိန်းဆု ထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေးစဉ်။

❍ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှတာဝန်ရှိသူများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ အောင်ဘာလေအဖွင့်သီချင်း **"အောင်"** တေးသီချင်းကို အဆိုအကများဖြင့် လည်းကောင်း၊ **"The era of the digital in Myanmar"** တေးသီချင်းကို အကဖြင့် လည်းကောင်း တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

**အက်ပလီကေးရှင်းကို စတင်မိတ်ဆက်မည်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်ပွဲပြုလုပ်ပြီး စတင်ဆောင်ရွက်မည့် **"အောင်ဘာလေ"** အွန်လိုင်းသိန်းဆုထီစနစ်အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် အောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ပြီး ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေပြီး ထီကံစမ်းလိုသူ မိဘပြည်သူများအနေဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း အွန်လိုင်းမှလွယ်ကူစွာ ထီကံစမ်းနိုင်ရန်အတွက် ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးတရားဝင်အသုံးပြုတော့မည့် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် အက်ပလီကေးရှင်းကို စတင်မိတ်ဆက်မည်ဖြစ်ပါကြောင်း။

အောင်ဘာလေဆိုသည်နှင့် ပတ်သက်၍ ရှေးရှေးမြန်မာများသည် ဆောင်ရွက်ရန်အလွန်ခက်ခဲသည့် ကုသိုလ်ကောင်းမှုကိစ္စရပ်တစ်ခုခုကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခါ **"အောင်ဘာလေ"** ဟု ကျူးရင့်သည့်အလေ့အထ စွဲမြဲလာခဲ့သည်ကို တွေ့ရပါကြောင်း၊ အလားတူ ရုပ်ထဲရွာထဲတွင် မဟာဒုက်မဲ၊ စာရေးတံမဲ၊ ကံစမ်းမဲပေါက်ကြသူများ၏ နာမည်နှင့်တွဲပြီး **"အောင်ဘာလေ"**ဟု ကြေညာလေ့ရှိသည်ကို သိရပါကြောင်း၊ ခက်ခဲသည့်အလုပ်တစ်ခုခု ပြီးဆုံးသည်ဖြစ်စေ၊ ကုသိုလ်ကောင်းမှုတစ်ခုခု အောင်မြင်သည်ဖြစ်စေ အောင်အတိတ် အောင်နိမိတ်ဆောင်သည့် တေးသီချင်းတစ်ပုဒ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ ကျူးရင့်ဟစ်ကြွေးလေ့ရှိရာ အဆိုပါသီချင်းမှာ **"အောင်ဘာလေသပြေပန်းနှင့် ရေချမ်းလောင်း"**ဟူ၍ ဖြစ်သည်ဟု သိရှိရပါကြောင်း။

**ထီဆုငွေပမာဏများတိုးမြှင့်**

ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ဝယ်ယူကံစမ်းမှု မြင့်တက်လာသည်နှင့်အမျှ ထီလက်မှတ်ဈေးနှုန်းများကို အောင်ဘာလေထီ (၂) ကျပ်တန်ထီစနစ်မှ ကျပ် ၁၀၀၀ တန်ထီစနစ်အထိ တိုးမြှင့်လာခဲ့သကဲ့သို့ ချီးမြှင့်သည့် ထီဆုငွေပမာဏများ တိုးမြှင့်လာခဲ့ပြီး ဆုမဲအရေအတွက်များကိုလည်း တိုးချဲ့ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကျပ် ၁၀၀၀ တန်ထီကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့က စတင်ရောင်းချခဲ့ပြီး အမြင့်ဆုံးဆုမဲ တန်ဖိုးငွေကျပ်သိန်းတစ်သောင်းခွဲ (သန်း ၁၅၀၀) အထိ ချီးမြှင့်ပေးခဲ့ပါကြောင်း။

ထို့ပြင် လက်ရှိရောင်းချလျက်ရှိသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်စနစ်၏ အားနည်းချက်များအပေါ် ပြည်သူလူထုက ဝေဖန်မှုများရှိနေသည်ကို သိရှိရပြီး အထူးသဖြင့် ထီလက်မှတ်ဈေးနှုန်းသည် သတ်မှတ်ဈေးနှုန်းထက် ထီဆိုင်များက ဈေးကြီးပြီး ဝယ်ယူကံစမ်းနေကြရခြင်းအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုမှုများရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏အကျိုးကို ရှေးရှုပြီး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ **"ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်စေရေး စနစ်တကျစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းပြည် သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်သူတို့ကျန်းမာပျော်ရွှင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ အောင်ဘာလေအွန်လိုင်းထီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်လည်း ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

**ပုံမှန်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများစိတ်အပန်းဖြေပျော်ရွှင်စေရေး၊ တရားမဝင်လောင်းကစားလုပ်ငန်းများကို လျှော့ချတားဆီးကာကွယ်ပေးနိုင်ရေးအတွက် အောင်ဘာလေသိန်းဆုထီကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ပုံမှန်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ထီဆုငွေကိုလည်း ပြည်သူပြည်သားများ၏အကျိုးကို ရှေးရှုပြီး ယခင်က ထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ခွဲဝေထုတ်ပေးနေရာမှ ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီး ဆုမဲခွဲဝေချီးမြှင့်ခဲ့ပါကြောင်း။

လက်ရှိအောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ထီကံစမ်းသူမိဘပြည်သူများ သတ်မှတ်ဈေးနှုန်းဖြင့် လွယ်ကူစွာ ထီကံစမ်းနိုင်ရန်အတွက် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

❖ **မိမိတို့အစိုးရလက်ထက်တွင် ထီဆုငွေကိုလည်း ပြည်သူပြည်သားများ၏ အကျိုးကို ရှေးရှုပြီး ယခင်က ထီလက်မှတ်ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ခွဲဝေထုတ်ပေးနေရာမှ ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီး ဆုမဲခွဲဝေချီးမြှင့်ခဲ့**

❖ **လက်ရှိ အောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ရောင်းချသည့်စနစ် အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှု ရှိစေရန် ထီကံစမ်းသူမိဘပြည်သူများ သတ်မှတ်ဈေးနှုန်းဖြင့် လွယ်ကူစွာ ထီကံစမ်းနိုင်ရန်အတွက် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခဲ့**

စာမျက်နှာ ၃ မှ

ပြည်သူများအနေဖြင့် မိမိတို့၏မိုဘိုင်းတယ်လီဖုန်းများကို အသုံးပြုပြီး အောင်ဘာလေသိန်းဆုထီကို အွန်လိုင်းထီအက်ပလီကေးရှင်းမှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတ်မှတ်ဈေးနှုန်းအတိုင်း လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ကြမည် ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ အီလက်ထရောနစ်ထီစနစ်ကို အကောင်အထည်မဖော်နိုင်မီစပ်ကြားတွင် အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်အစိုးရများလက်ထက်ကတည်းကပင် လွှတ်တော်၌ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ သို့သော် ထီဥပဒေပြဋ္ဌာန်းထားမှုမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**အွန်လိုင်းထီစနစ်ကို စတင်လုပ်ဆောင်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လက်ရှိ အောင်ဘာလေသိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူလူထုအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာထီကံစမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ အွန်လိုင်းထီစနစ်ကို စတင်လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ခေတ်မီဆန်းသစ်သည့် Digital နည်းပညာများဖြင့် လုပ်ကိုင်လာသည့်အချိန်တွင် မိမိတို့နိုင်ငံ၌လည်း အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထီကံစမ်းသူများ အလွယ်တကူစိတ်ကြိုက်နံပါတ်များ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး မြို့ပြနှင့်ကျေးလက်နေပြည်သူများအားလုံး အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်ကြတော့မည် ဖြစ်ပါကြောင်း။

**SMS ပေးပို့ အကြောင်းကြားလာမည်**

အောင်ဘာလေအွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို အသုံးပြုပြီး ကံစမ်းသူများအနေဖြင့် ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးချေခြင်းမှစပြီး ဆုငွေရယူခြင်းအဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထီဖွင့်ပွဲကျင်းပချိန်တွင်လည်း ထီတိုက်ရန်မလိုဘဲ ကံထူးသူများ၏ မိုဘိုင်းတယ်လီဖုန်းများကို SMS ပေးပို့ အကြောင်းကြားလာမည်ဖြစ်ပြီး ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့် ဆုကြေးငွေများကို အွန်လိုင်းမှ လွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်ငွေစာရင်းအကောင့်သို့ ပေးပို့ခြင်းများကို အီလက်ထရောနစ်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း။

ယနေ့ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီ အက်ပလီကေးရှင်းကို စတင်နိုင်ခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များ အသုံးပြုပြီး လွယ်ကူစွာထီကံစမ်းနိုင်သည့် Digital Lottery




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် ဖွင့်ပွဲအထိမ်းအမှတ် Logo ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပေးအပ်စဉ်။**

Platform စနစ်သစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ အကျိုးဆက်အဖြစ် အနာဂတ်တွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုတိုးတက်စေရေး၊ နိုင်ငံတော်၏ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချစေရေး (Cashless Society) အစရှိသည့် ကောင်းကျိုးများစွာတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း။

**အားလုံးဝိုင်းဝန်းကြိုးပမ်း**

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် Telecom International Myanmar Co., Ltd တို့က ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်အကောင်အထည်ဖော် ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့သည်လည်း Telecom International Myanmar Co., Ltd(Mytel)၏ စတင် Launching Ceremony ဆောင်ရွက်ခဲ့သည့် (၅)နှစ်ပြည့်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက်လည်း ဖြတ်သန်းလာခဲ့သည့် (၅) နှစ်တာကာလအတွင်း အောင်မြင်မှုများကိုလည်း အသိအမှတ်ပြုသည်ကို ပြောကြားလိုပါကြောင်း၊ စနစ်သစ်တစ်ခုကိုပြောင်းလဲဖော်ဆောင်ရာတွင် နိုင်ငံတော်ကို ကိုယ်စားပြုဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးမားလှပါကြောင်း၊ နိုင်ငံတော်အတွက် အသစ်စတင်မိတ်ဆက်နိုင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အောင်ဘာလေသိန်းဆုထီ သမိုင်းကြောင်း Documentary နှင့် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ကို Video Clip ဖြင့် မိတ်ဆက်ပြသသည်။

**ထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေး**

ဆက်လက်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်အား ဖွင့်လှစ်ခြင်းကိုပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် Viettel Group မှ (Mytel) CEO Nguyen Tien Dung တို့က အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ဖွင့်ပွဲအဖြစ် စုဘူးအတွင်းသို့ ရွှေဂါးများအား တစ်ပြိုင်နက်တည်း ထည့်သွင်းဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က စုဘူးအတွင်းသို့ အောင်အတိတ်အောင်နိမိတ်ဆောင် အောင်မင်္ဂလာရွှေဒင်္ဂါးကို ထည့်သွင်း၍ အောင်ဘာလေအွန်လိုင်းသိန်းဆု ထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေးသည်။

**ဖွင့်ပွဲအထိမ်းအမှတ် Logo ကို ပေးအပ်**

ထို့နောက် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် ဖွင့်ပွဲအထိမ်းအမှတ် Logo ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပေးအပ်သည်။

ယင်းနောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်နှင့် ပတ်သက်၍ Mytel မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဒေါက်တာနီလာအေးက အောင်ဘာလေအွန်လိုင်းသိန်းဆု ထီစနစ် Mobile Application Download မှသည် သိန်းဆုထီများထုတ်ယူပုံအထိ မည်သို့မည်ပုံဆောင်ရွက်သွားရမည့် Procedure နှင့် အားသာချက်များကိုတစ်ဆင့်ချင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် **"အောင်ဘာလေထီထိုးစို့"** တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်တွင် ပါတနာအဖြစ် ဆောင်ရွက်သည့် Telecom International Myanmar Co., Ltd. (Mytel) (၅) နှစ်ပြည့် အမှတ်တရမှတ်တမ်းကို ပြသသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က Mytel မှ တာဝန်ရှိသူများထံ Mytel (၅) နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

ယင်းနောက် မြန်မာ၊ ဗီယက်နမ် အကအလှတေးဂီတအဖွဲ့များက **"We Love Myanmar"** တေးသီချင်းနှင့် **"အောင်ဘာလေအွန်လိုင်းသိန်းဆုထီအားထိုးလိုက်ကြပါစို့"** တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် Mobile Application အသုံးပြုမှုကိုကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအကအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၈**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ရတနာတန်းဝင်ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြစဉ်။

## မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"သစ်တောနှင့် သစ်ပင် ချစ်ခင်သည့်လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး"** ဟူသည့် ဆောင်ပုဒ်အတိုင်းသစ်တောများနှင့် သစ်ပင်များကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ၂၀၁၁ ခုနှစ်မှစ၍ တပ်မတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုဆိုပါက ဆယ်စုနှစ်တစ်ခုကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင်စောင့်ရှောက်နိုင်ရေး ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

**❝ နိုင်ငံတော်၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဖိုးတန်ဂေဟစနစ်များ မပျောက်ပျက်အောင်စောင့်ရှောက်နိုင်ရေး ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေခြင်းပင်ဖြစ် ❞**

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ၍ မိုးရာသီသစ်ပင်စိုက်ပွဲများ ပြုလုပ်၍ စိုက်ပျိုးခဲ့ကြရာတွင် အပင်စုစုပေါင်း ၁၈၀၀၀၀ ကျော်ကို စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ရေ တစ်သိန်းကျော် ရှင်သန်သည်ကို တွေ့ရှိရကြောင်း၊ တပ်မတော်တစ်ရပ်လုံးအနေဖြင့်ဆိုပါက ၂၀၁၁ ခုနှစ်မှ ၂၀၂၂ အထိ စုစုပေါင်းသစ်ပင် ၂၀ သန်း ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ရေ ၁၅ သန်းကျော် ရှင်သန်သဖြင့် ၇၀ ရာခိုင်နှုန်းကျော် ရှင်သန်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် သဘာဝသယံဇာတများစွာကို ပိုင်ဆိုင်ထားရှိပြီး စိုက်ပျိုးရေးကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေသည်အဓိက အရေးကြီးကြောင်း၊ "ဥတုရာသီ တောကိုမှီ" ဟူသည့်အတိုင်း သစ်တောသစ်ပင်များသည် ရာသီဥတုကို ကောင်းစေပြီး ရေကိုလည်း ထိန်းပေးနိုင်ကြောင်း၊ ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင် ရှင်သန်အောင်စိုက်ပျိုးရန်နှင့် ရေရှည်ကြီးထွားစေရေး ဆက်လက်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

## နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် အရိပ်အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းမည်ဖြစ်

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံး ဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် အရိပ်အာဝါသနှင့် လုံခြုံမှုကို ပေးစွမ်းမည်ဖြစ်ကြောင်း၊ ရှေးဘိုးဘွားဘီဘင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့ယခုကဲ့သို့ စိမ်းလန်းသာယာစိုပြည်သည့်ပတ်ဝန်းကျင်နှင့် ရာသီဥတုတွင် နေထိုင်နိုင်ကြသည်ကို ဆင်ခြင်သတိပြုမိကြရန်လိုကြောင်း။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

နေပြည်တော်ကို Green City အဖြစ် အစဉ်အမြဲလှပနေစေရေး စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို မြို့တည်ထောင်ပြီးချိန်မှ ယနေ့တိုင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော်မြို့ပြ စတင်တည်ထောင်ချိန်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်ပန်းမန်များနှင့် အရိပ်ရပင်များကိုထိန်းသိမ်းမှုကြောင့် ရှင်သန်နေသည့် သစ်တောများသည် ယနေ့တွင် မြင်ရသူအပေါင်းကို စိတ်နှလုံးအေးချမ်းအောင် ဖန်တီးနိုင်ခဲ့သည်ကို တွေ့ရမည်ပင်ဖြစ်ကြောင်း၊ မြို့တစ်မြို့ကို စိမ်းလန်းစိုပြည်အောင်ဆောင်ရွက်ခြင်းမှ နိုင်ငံတစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတကျအောင်နေနိုင်မည်ဖြစ်ပြီး မလိုလားအပ်သည့် သဘာဝဘေးအန္တရာယ်များကို ကျော်လွှားနိုင်မည်လည်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုးပေးကြစဉ်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဇနီးနှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

### ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၉၁၈၉ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၁၇၆၄ ပင်၊ မန်ကျည်းရှား ၈၈၂ ပင်၊ ပိတောက် ၈၈၂ ပင် စုစုပေါင်း ၃၅၂၈ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် (၃၆) ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည် သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၉၁၈၉ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

### တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၀၃၉၈ ပင်ကို စုပေါင်း စိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီ သစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၄၇၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၉၈၆ ပင်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၌ ၉၁၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၂၂၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၃၈၃၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၈၇၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၆၉၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၁၂၁ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၆၇၁၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၈၉၀၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆၂၈၉ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၈၇၆၁ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၇၈၈၀ နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၉၈၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၀၃၉၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး သတ်မှတ်နေရာတွင် သစ်ပင် စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

❖ MSME လုပ်ငန်းများအတွက် အခြေခံအချက် (၃) ချက်ဖြစ်သည့် ပြည်တွင်းထုတ်ကုန် အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့်ရရှိစေရန် စသည့်အချက်များအပေါ်မူတည်ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ညှိနှိုင်းပြီး ထုတ်ကုန်နယ်ပယ်ကိုလည်း သတ်မှတ်လျက်ဆောင်ရွက်ကြရမည်

❖ ထုတ်ကုန်နယ်ပယ်များအနေဖြင့် အဓိက ဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့် ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီနှင့် လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်/ဝါး၊ သား၊ ငါး၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါး အခြေခံထွက်ကုန် ထုတ်လုပ်နိုင်ရန် မိမိဒေသအလိုက် ရရှိနိုင်သည့် ကုန်ကြမ်းပေါ်မူတည်ပြီး ထွက်ကုန်နယ်ပယ် သတ်မှတ်ရေးနှင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ရည်ရွယ်ပြီးဆွေးနွေးဆောင်ရွက်သွားရမည်

❑ *ကျော့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ချာလီသန်း၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်း**

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးမှ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME လုပ်ငန်းများနှင့်ပက်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ပြီး အားပေးခြင်း၊ အကြံပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပေးခြင်းတို့အပြင် လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည်မှာ ညွှန်ကြားချက် ၁၉၀ ကျော်ရှိပြီး လုပ်ငန်းရှင်များနှင့် ဒေသခံများ၏ တင်ပြချက်များမှာ အချက်ပေါင်း ၂၃၀ ကျော်ရှိကြောင်း၊ ယင်းတင်ပြချက်များမှာ နည်းပညာ၊ ငွေကြေး ၊ ဈေးကွက်နှင့် မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားကဏ္ဍများပါဝင်ကြောင်း၊ ယင်းတင်ပြချက်များအပေါ် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် ချိတ်ဆက်ပြီး ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME နှင့်စပ်လျဉ်း၍ လမ်းညွှန်သည့် အဓိကအခြေခံအချက်များမှာ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ယင်းအချက်များကို လက်လွှတ်၍ မရသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း အဆိုပါအခြေခံအချက်(၃)ချက်ကို မူတည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ဒေသထွက်ကုန်ကြမ်းများကိုအခြေခံပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်**

ယင်းသို့ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် သေချာသော ဒေသထွက်ကုန်ကြမ်းများကိုအခြေခံပြီး ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော One Region One Product ဒေသတစ်ခု ထွက်ကုန်တစ်ခု ထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကို သက်ဆိုင်ရာအစိုးရအလိုက် အဓိကထုတ်ကုန်သတ်မှတ်ပြီး ပြည်တွင်းထုတ်ကုန်အပြင် ပြည်ပတင်ပို့နိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအတွက် အခြေခံအချက် (၃) ချက်ဖြစ်သည့် ပြည်တွင်းထုတ်ကုန် အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့် ရရှိစေရန် စသည့်အချက်များအပေါ်မူတည်ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ ညှိနှိုင်းပြီး ထုတ်ကုန်နယ်ပယ်ကိုလည်း သတ်မှတ်လျက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်နယ်ပယ်များအနေဖြင့် အဓိက ဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့် ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ ၊ ဝါ၊ ကော်ဖီနှင့် လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ ကြိမ်/ဝါး၊ သား၊ ငါး၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါး အခြေခံထွက်ကုန် ထုတ်လုပ်နိုင်ရန် မိမိဒေသအလိုက် ရရှိနိုင်သည့် ကုန်ကြမ်းပေါ်မူတည်ပြီး ထွက်ကုန်နယ်ပယ် သတ်မှတ်ရေးနှင့် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ရည်ရွယ်ပြီး ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပိုင်းကလည်း ထုတ်လုပ်နိုင်မည့် ထုတ်ကုန်အပေါ်မူတည်ပြီး ဖြစ်နိုင်ခြေကို စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်**

စီမံချက်ရေးဆွဲဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME လုပ်ငန်းရှင်များကို သမဝါယမစနစ်၊ ပုဂ္ဂလိကစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ငွေကြေးစီးဆင်းမှုလွယ်ကူအောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ အသိပညာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ စွန့်ဦးတီထွင် လုပ်ငန်းအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းကွန်ရက်ဖြန့်ဝေမှုအပိုင်းတွင် MSME လုပ်ငန်းရှင်များနှင့် အများပြည်သူများအတွက် မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေးနှင့် MSME လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် ဈေးကွက်နှင့် လုပ်ငန်းစဉ် ကွင်းဆက်မပျက်စေရေးအတွက် စဉ်းစားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ၏ ထွက်ကုန်များကို ပြည်ပဈေးကွက်ရရှိရေး ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ရည်မှန်းထားသည့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားကို မြှင့်တင်ရန်အတွက် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွက် ထုတ်ကုန်များစွာ ထုတ်လုပ်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများအနေဖြင့် လက်ရှိအချိန်ထိ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်လုပ်မှုပိုင်း၊ ဈေးကွက်မြှင့်တင်ရေးပိုင်း၊ သတင်းဖြန့်ဝေမှုအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့် နေရာများတွင် ကျွမ်းကျင်စွာသုံးစွဲရန် ခက်ခဲနေဆဲပင်ဖြစ်သောကြောင့် ထိထိရောက်ရောက်နှင့် လွယ်လွယ်ကူကူ အသုံးပြုနိုင်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့် အမှာစာများကို အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များနှင့် ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်၊ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး သွင်းကုန်အစားထိုး ထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဦးစားပေး ထုတ်လုပ်ရမည့် ထုတ်ကုန်များ ခွဲဝေသတ်မှတ်ပေးရန်၊ ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ တည်ထောင်ပြီး သမဝါယမစနစ်နှင့် ကုန်စည်ဒိုင်များ ချိတ်ဆက်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန် အမှတ်တံဆိပ်များတွင် ဖော်ပြထားသည့် အချက်အလက်များကိုစနစ်တကျရရှိစေရေး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ ဒေသအသီးသီးရှိကုန်စည်သတင်းအချက်အလက်များနှင့် ပြည်ပပို့ကုန် သတင်းအချက်အလက်များအား MSMEလုပ်ငန်းရှင်များသိရှိစေရန် နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းဖော်ပြကြေညာပေးရန်၊ MSME ဆိုင်ရာသတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် information Mechanism တစ်ခုတည်ထောင်နိုင်ရေးဆောင်ရွက်ရန်နှင့် ၂၀၁၈ ခုနှစ် အာဆီယံ SME မူဝါဒဆိုင်ရာ အညွှန်းကိန်းအစီရင်ခံစာပါ အချက်အလက်များအား ဆွေးနွေးတင်ပြသည်။

**ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး**

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာ မျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ အမှာစာများကို ဖတ်ကြားရှင်းလင်း အတည်ပြုချက်ရယူနိုင်ရေးတင်ပြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ **သတင်းစဉ်**

❍ **သတင်းကွန်ရက်ဖြန့်ဝေမှုအပိုင်းတွင် MSME လုပ်ငန်းရှင်များနှင့် အများပြည်သူများအတွက် မှန်ကန်မြန်ဆန်စွာ ရောက်ရှိရေးနှင့် MSME လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးသွားရမည်၊ ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင်ဈေးကွက်နှင့် လုပ်ငန်းစဉ်ကွင်းဆက်မပျက်စေရေးအတွက် စဉ်းစားဆောင်ရွက်ပေးသွားရမည်**

# အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၈**

အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ(The Role of Governors in India's Federalism) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။**(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ အငြိမ်းစားတပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အရာထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ဒေါက်တာ နော်ကပေါ်ထူး ဦးဆောင်သည့် NCA – S EAO (၇)ဖွဲ့(ALP၊ DKBA၊ KNU/KNLA–PC၊ LDU၊ NMSP၊ PNLO၊ RCSS) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇) ဖွဲ့ကိုယ်စား KNU/KNLA–PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံမှ ပညာရှင် Professor Sudarshan Ramaswamy က အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍကို ဦးဆောင်ဆွေးနွေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံများ၊ Governor များ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ နိုင်ငံတကာအတွေ့အကြုံများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခြင်းနှင့် အပြန်အလှန် အမြင်ချင်းဖလှယ်မှုများ ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်သည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ကပြသီဆိုဖျော်ဖြေ

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းတိုက်ခတ်သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(ဝဲပုံ)**



ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊ စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို၊ အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှု အကအလှများ၊ မျက်လှည့်ပြကွက်များ၊ ဗဟုသုတဖြစ်ဖွယ်ရာအသိပညာပေး အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိ ကြီးများ၊ တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ပျော်ရွှင်စွာကြည့်ရှု အားပေးကြသည်။

ထိုကဲ့သို့ သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများအား ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၈**

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးသင့် ဒေသများသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကို တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်တိုင်းရင်းသားအဖွဲ့မှ အနုပညာရှင် ၁၀ ဦး၊ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် အခြေခံစားကုန်၊ အိမ်သုံးပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၃ ဒသမ ၃ တန် တို့ကို ရန်ကုန်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ထောက်ပံ့ရေးပစ္စည်း ၄၈၃ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၂၅၄ ဦး တို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါကူညီကယ်ဆယ်ရေးပစ္စည်းများအား မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။ **သတင်းစဉ်**



## မတ္တရာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မတ္တရာ ဇွန် ၈** – မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ပြုလုပ်သော၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က မတ္တရာမြို့ အမှတ်(၂)ရပ်ကွက်ရှိ မဟာသိမ်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းနှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးထက်အောင် – ၁ နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်းပင် ၃၀၀၊ ပိတောက်ပင် ၁၀၀၊ တပေဘူတပင် ၅၀ နှင့် စိန်ပန်းပင် ၅၀ စုစုပေါင်းအပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများအား မြို့နယ်အလိုက် ဖြန့်ခွဲပေးလျက်ရှိ အမှန်တကယ်လိုအပ်သူများထံ အပြည့်အဝရောက်ရှိစေရေး အုပ်စုများခွဲခြားသတ်မှတ်၍ ထိရောက်စွာထောက်ပံ့ရန် စီမံဆောင်ရွက်သွားမည်



ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် မုန်တိုင်းဒဏ်သင့်မြို့နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်အရာရှိကြီးများပါဝင်သော ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**စစ်တွေ ဇွန် ၈**

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ညော့ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသော ရခိုင်ပြည်နယ် ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသော ရခိုင်ပြည်နယ် ဂုဏ်ဆောင်အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ပြီး ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

### ဂုဏ်ပြုလက်မှတ်များ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပိုက်ကျော်ခြင်း ပြိုင်ပွဲ (Double Team) တွင် ငွေတံဆိပ်ဆုရရှိခဲ့သော ဦးအောင်မျိုးဆွေနှင့် ဦးအောင်မျိုးနိုင်တို့ကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိခဲ့သော မနော်ထက်ထက်ဝေ ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က 70 Kg ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့သော မဖြိုးဆွေဇင်ကျော် ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက 52 Kg ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု ရရှိခဲ့သော မခင်ခင်စု ကိုလည်းကောင်း ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ငွေနှင့် ဂုဏ်ပြု လက်မှတ်များ ပေးအပ်သည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲတွင် ဆုရရှိခဲ့သော မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် နည်းပြများက မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် မုန်တိုင်းဒဏ်သင့်မြို့နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တပ်မတော်အရာရှိကြီးများပါဝင်သော ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့ကြသော ရခိုင်ပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား တွေ့ရစဉ်။

အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မုန်တိုင်းဒဏ်ကြောင့် မြို့နယ်အလိုက် ပျက်စီးဆုံးရှုံးမှုနှင့် ခန့်မှန်းတန်ဖိုးတွက်ချက်မှု စာရင်းဇယားများကို အတည်ပြုနိုင်ရန် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများအား နိုင်ငံတော်မှ ရေကြောင်း၊ လေကြောင်းတို့ဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ မြို့နယ်အလိုက် ဖြန့်ခွဲပေးလျက်ရှိကြောင်း၊ ပြည်သူလူထု လက်ဝယ်အရောက်ဖြန့်ဖြူးရာတွင် ထိရောက်သည့် ဖြန့်ဖြူးမှုဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် အမှန်တကယ် လိုအပ်သူများထံ အပြည့်အဝ ရောက်ရှိစေရေးအတွက် အုပ်စုများ ခွဲခြားသတ်မှတ်၍ ထိရောက်စွာ ထောက်ပံ့ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ သံတွဲ၊ ပေါက်တော၊ မာန်အောင်၊ ရမ်းဗြဲ၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြေပုံ၊ မောင်တောနှင့် စစ်တွေမြို့နယ်များ၌ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြသည့် တပ်မတော်အရာရှိကြီးများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ ကော်မတီအလိုက် တာဝန်ရှိသူများက လိုအပ်သည်များကို ပြန်လည်ရှင်းလင်း ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ခွဲဝေပေးအပ်ထားသည့် သဘာဝဘေး ရန်ပုံငွေများကို အကျိုးရှိစွာ သုံးစွဲရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများ၏ ထိခိုက်ပျက်စီးမှုစာရင်းကို သီးခြားပြုစုပေးပို့ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးပစ္စည်းများအား လူထုလက်ဝယ်အရောက် ဖြန့်ဝေမှုမှတ်တမ်းများ ပြုစုထားရှိရေးတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည် ထူထောင်ရေးဆိုင်ရာ ပံ့မှန်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး တင်ပြချက်များနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအား လက်ရှိဆေးရုံများအပြင် အထူးကု ဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များ စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၆ ရက်မှ ဇွန် ၈ ရက်အထိ ပြည်သူ့ဆေးရုံကြီးများ၌ ပြင်ပလူနာ ၁၃၈၈၁ ဦး၊ အတွင်းလူနာ ၂၆၈၅၀ ဦးနှင့် ကျေးလက်ကျန်းမာရေး ဌာန/ဌာနခွဲများတွင် ပြသသည့်လူနာ ၆၈၇၅၀ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များအနေဖြင့် ရေသန့်ဆေးခတ်ခြင်း ၄၅၇၂ ကြိမ်နှင့် ကျန်းမာရေး ပညာပေးခြင်း ၇၉၉၆ ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့သည်။ အထူးကုဆေးအဖွဲ့များအနေဖြင့် ကွင်းဆင်းကုသပေးခဲ့သည့် လူနာဦးရေမှာ ရသေ့တောင်မြို့နယ်၌ ၃၁၈ ဦး၊ စစ်တွေမြို့နယ်၌ ၇၄၆ ဦး၊ မင်းပြားမြို့နယ်၌ ၁၁၅၀၊ ကျောက်တော်မြို့နယ်၌ ၉၆၁ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ၂၇၅ ဦး၊ ပေါက်တောမြို့နယ်၌ ၇၂၇ ဦး၊ မာန်အောင်မြို့နယ်၌ ၈၄၈ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ၁၉၀ နှင့် မောင်တောမြို့နယ်၌ ၅၃၃ ဦး စုစုပေါင်း ၅၇၄၈ ဦးဖြစ်ကြောင်း သိရသည်။

### ထိရောက်စွာကုသမှုပေး

ရခိုင်ပြည်နယ် အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် မုန်တိုင်းနောက်ဆက်တွဲ ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် ကူးစက်ရောဂါများ ဖြစ်ပွားမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးအတွက်သန့်ရှင်းသောသောက်သုံးရေများ ဖြန့်ဝေပေးခြင်း၊ ရေသန့်ဆေးခတ်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ဖြစ်ပွားလာပါကလည်း အချိန်မီ ထိရောက်စွာ ကုသမှုပေးနိုင်ရေး ဆောင်ရွက် ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



စစ်တွေဆေးရုံတွင် အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား မျက်စိကုသပေးစဉ်။



ပေါက်တောတွင် အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ခွဲစိတ်ကုသပေးစဉ်။



ရသေ့တောင်တွင် အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၃) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် သဘောတူညီချက် လေးခု လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၃) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ သဘောတူညီချက်များ လက်မှတ် ရေးထိုးသည့် အခမ်းအနားတစ်ရပ်ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရှိ M-Gallery ဟိုတယ်၌ ကျင်းပ ပြုလုပ်သည်။




အခမ်းအနား၌ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး H.E. Mr. Chen Hai က အထိမ်းအမှတ် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး၊ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးလှိုင်နှင့် သက်ဆိုင်ရာဝန်ကြီး ဌာနများမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

ယနေ့ အခမ်းအနား၌ သဘောတူညီ ချက် လေးခုကို လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား တရုတ်နိုင်ငံက အကူ အညီပေးသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအတွက် လွှဲပြောင်း လက်ခံလွှာများကို ကျန်းမာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံက မြန်မာနိုင်ငံသားများ အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ သန်းတန်ဖိုးရှိ ကာကွယ်ဆေး ၃ သန်း နှင့် ဆေးထိုးအပ်များ ထောက်ပံ့ပေးအပ် မည်ဖြစ်သည်။

အစိုးရနည်းပညာကောလိပ် (မန္တလေး) အတွက် အွန်လိုင်း ဝန်ဆောင်မှုနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့သည့် စီမံကိန်းဆိုင်ရာ သဘောတူညီချက်ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်း ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး H.E. Mr. Chen Hai တို့က လဲလှယ်ခဲ့ကြသည်။

အဆိုပါစီမံကိန်းသည် တရုတ်နိုင်ငံသုံး ငွေကြေး ယွမ် ၇၁၇၂၀၀ တန်ဖိုးရှိသည့် စီမံကိန်းဖြစ်သည်။

အောင်ဆန်း အားကစားကွင်း ပြန်လည် တည်ဆောက်ရေးအတွက် ဆန်းစစ်လေ့လာမှု ပြုလုပ်မည့် စီမံကိန်း ဆိုင်ရာ သဘောတူညီချက်ကို အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai တို့က လဲလှယ် ကြသည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံက မြန်မာနိုင်ငံအား တရုတ် နိုင်ငံသုံးငွေကြေး ယွမ် ၂၀၀၀၀၀၀ ကို စီမံကိန်းအတွက် ထောက်ပံ့ပေးအပ်မည် ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက် မှု အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် အကောင် အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း များအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး ထွဋ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီး H.E. Mr. Chen Hai တို့က လက်မှတ်ရေးထိုးကြသည်။

အဆိုပါ သဘောတူညီချက်အရ တရုတ်နိုင်ငံက မြန်မာနိုင်ငံ၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သုတေသန၊ လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ အရည် အသွေးမြှင့်တင်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး နယ်ပယ်များ၌ ဝန်ကြီးဌာန ခုနစ်ခုက အကောင်အထည်ဖော် ဆောင်ရွက်မည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်း စုစုပေါင်း ၁၄ ခု အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ သန်းကို မြန်မာနိုင်ငံထံသို့ လွှဲပြောင်း ပေးအပ်မည်ဖြစ်သည်။

၂၀၁၇ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ မြန်မာနိုင်ငံအနေဖြင့် လက်ခံရရှိခဲ့သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်း အရေအတွက်မှာ ၁၀၆ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံက ထောက်ပံ့ပေးအပ်သည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄ သန်းခန့် တန်ဖိုးရှိ အကူအညီများ လက်ခံရရှိခဲ့ပြီး ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည် တော်ကြီးများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Innopolis တက္ကသိုလ်နှင့် ကာဇန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဇွန် ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန် မြို့တွင်ရောက်ရှိနေသော ပညာ ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယမန်နေ့ နံနက် ၉ နာရီက ဧည့်သည်တော်များနှင့် အတူ Innopolis မြို့ရှိ Innopolis တက္ကသိုလ်သို့ သွားရောက်ပြီး အဆိုပါတက္ကသိုလ်တွင် ပို့ချလျက် ရှိသော ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်း များ၊ ကျောင်းသားအဆောင်များ၊ စားသောက်ဆိုင်များ၊ တက္ကသိုလ် ပရိဝုဏ်အတွင်းရှိ Business Centres များကို လှည့်လည်ကြည့်ရှု လေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာညွန့်ဖေသည် Innopolis တက္ကသိုလ်မှ ကာဇန် မြို့သို့ပြန်လည်ထွက်ခွာလာကြပြီး ကာဇန်မြို့တွင်းရှိ ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်ဖြစ်သော Kazan Kremlin၊ Mother of God ဘုရား ကျောင်းနှင့် သမိုင်းဝင် အထင်ကရ နေရာများသို့ သွားရောက်လေ့လာ ကြရာ သက်ဆိုင်ရာတာဝန်ရှိသူ များက လိုက်လံရှင်းလင်း ပြသ ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ဧည့်သည်တော်များ အား Mirage Hotel, Milli Restaurant တွင် ညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❑ ***ရှေ့ဖုံးမှ***

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ် ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင် သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုတ်သုံလေအားကောင်းရာမှ အားအလွန် ကောင်းနေခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြို ခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါ သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင် သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

**မိုး/ဇလ**

● ***ကျောဖုံးမှ***

အဆိုပါ ဗိုလ်လုပွဲကို ချက်နိုင်ငံ ပရာဂ် မြို့ရှိဖော်ကျူနာ အရီနာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပွဲကြည့် ပရိသတ် ၁၇၀၀၀ ကျော် လာရောက်ကြည့်ရှု ခဲ့သည်။ ဖီအိုရင်တီးနားအသင်းသည် ဝက်စ်ဟမ်းအသင်းကို ဖိအားပေးထိန်းချုပ် ကစားနိုင်ခဲ့သော်လည်း ရရှိလာသည့် အခွင့်အရေးများကို ဖြုန်းတီးပစ်မှုများ ကြောင့် လိုအပ်သည့် ဂိုးများနှင့် ဝေးကွာ ကာ ဆုဖလားနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းက အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက် များ ရှိခဲ့သော်လည်း ရရှိလာသည့် အခွင့် အရေးကောင်းများကို လက်လွှတ်မခံဘဲ အမိအရ အသုံးအချကာ သွင်းဂိုးများ ရယူ နိုင်ခဲ့သည်။ ဦးဆောင်ဂိုးကို ဝက်စ်ဟမ်း အသင်းက ပွဲချိန် ၆၂ မိနစ်တွင် ပယ်နယ် တီမှတစ်ဆင့် သွင်းယူကာ စတင်ရရှိခဲ့ သည်။ ပွဲချိန် ၆၇ မိနစ်တွင် ဖီအိုရင်တီးနား အသင်းအား ချေပဂိုး ပြန်လည်ခွင့်ပြုပေး ခဲ့ရသည်။ ထိုဂိုးကို ဘိုနာဗန်တူရာက သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်း အတွက် အနိုင်သေချာစေမည့် ဒုတိယဂိုး ကို ပွဲချိန်ပြည့်ခါနီးတွင် ဘိုဝင်က သွင်းယူပေးခဲ့သည်။

ကွန်ဖရင့်လိဂ်ဖလား ဆွတ်ခူးနိုင် သည့် ဝက်စ်ဟမ်းအသင်းသည် ပရီမီယာ လိဂ် အမှတ်ပေးဇယား အဆင့် (၁၄) တွင် ရပ်တည်နိုင်ခဲ့သော်လည်း လာမည့်နှစ် ယူရိုပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် ခွင့် ရရှိခဲ့ပြီဖြစ်သည်။ **အောင်ဖော်**

# အမျိုးသမီးများဘဝမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဘားအံ ဇွန် ၈

**၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသမီးများဘဝမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၈ ရက် နံနက် ၈ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။**



အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်၏ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးကောင်းမွန်မှုသည် ပြည်နယ်အတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုအပေါ် များစွာမူတည်နေပြီး အမျိုးသမီးများ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှုမှနေ၍ ပြည်နယ်၏ ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် တစ်ဦးချင်းဝင်ငွေကို တိုးတက်စေမည်ဖြစ်သည့်အတွက် ပြည်နယ်အတွင်းရှိ အမျိုးသမီးတိုင်း ဝင်ငွေပုံမှန်ရရှိရေး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အသိပညာပေး နံရံကပ်ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်တရားရေး၊ ဥပဒေ၊ ကျန်းမာရေး၊ မူခင်းရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက တရားမျှတမှုနှင့် အမျိုးသမီးအခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးနေမှုကဏ္ဍ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ကရင်အမျိုးသမီးများအဖွဲ့တို့မှ ကြိုတင်အသိပညာပေး အကာအကွယ်ပေးမှုကဏ္ဍ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမ၊ အသေးစားစက်မှုလက်မှု၊ ပညာရေးနှင့် လေ့ကျင့်ရေး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အသက်မွေးဝမ်းကျောင်း သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကဏ္ဍတို့ကို ဦးဆောင်ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးစိုးလွင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပဲခူးမြို့၌ ထိခိုက်ဒဏ်ရာရှေးဦးပြုစုခြင်း(နည်းပြ)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီတို့ ပူးပေါင်း၍ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းဆင်းပွဲ အခမ်းအနားကို ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၂) ဗထူးလမ်းရှိ ကမ္ဘောဇဟာသံ့ဟိုတယ်တွင် ဇွန် ၇ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကမ္ဘာတစ်ဝန်းလုံးမှာရှိသည့် နိုင်ငံအသီးသီးတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသော မတော်တဆဖြစ်မှုများ၊ ကူးစက်ရောဂါကပ်ဘေးများတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ အမျိုးသား ကြက်ခြေနီနှင့် လခြမ်းနီအသင်းများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လူမှုကရုဏာလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကြက်ခြေနီမောင်မယ်များအနေဖြင့် မိမိတို့ပိုင်နိုင်စွာ တတ်ကျွမ်းထားသည့် ရှေးဦးပြုစုခြင်း နည်းစနစ်များကို အများပြည်သူအားလုံး လက်လှမ်းမီ သိရှိသင်ယူနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်တင်လေးက ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုခြင်း (နည်းပြ) သင်တန်းအတွက် သင်တန်းဆင်း လက်မှတ်များနှင့် မြို့နယ် ကြက်ခြေနီအသင်းခွဲများအား ရှေးဦးပြုစုခြင်း ဆေးအိတ်များ ပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ) တင်စိုး(ပဲခူး)**



## စီးပွားရေးသတင်းများ

### ပခုက္ကူခရိုင်၌ ဆီးသီးခြောက်နှင့် ဆီးဆန်များ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းဆီးသီးကုန်ကြမ်းများ ပေါများသည့်အတွက် ဆီးသီးဈေးကွက်အနေဖြင့် ဆီးခွဲစက်လုပ်ငန်းရှင်များ၊ ဖျော်ရည်လုပ်ငန်းရှင်များ၊ ဆီးယိုလုပ်ငန်းရှင်များက ဝယ်ယူအသုံးပြုကြပြီး ဆီးခွဲစက်များမှ ဆီးသီးများကို ကြိတ်ခွဲ၍ ထွက်ရှိလာသော ဆီးခွဲခြမ်းများကို ပဲကြော်လုပ်ငန်းရှင်၊ နှမ်းလှော်လုပ်ငန်းရှင်၊ ကြက်သွန်ကြော်လုပ်ငန်းရှင်နှင့် မြေပဲဆားလှော်လုပ်ငန်းရှင်များက လောင်စာအဖြစ် အသုံးပြုရန်အတွက် ဝယ်ယူကြကြောင်း၊ ဆီးသီးအစေ့မှ ထွက်ရှိသော ဆီးဆန်များသည်လည်း ဆေးဖက်ဝင်၍ ပြည်ပနိုင်ငံများက ဝယ်ယူကြကြောင်း သိရသည်။

ဈေးနှုန်းများအနေဖြင့် မေလပထမပတ်တွင် ဆီးသီးခြောက်တစ်တင်းလျှင် ကျပ် ၁၄၀၀၀၊ ဆီးဆန်တစ်ပိဿာလျှင် ကျပ် ၆၄၀၀၀ ဖြစ်ပြီး ဇွန်လပထမပတ်တွင် ဆီးသီးခြောက်တစ်တင်းလျှင် ကျပ် ၁၆၀၀၀၊ ဆီးဆန်တစ်ပိဿာလျှင် ကျပ် ၈၀၀၀၀ အထိ ဈေးကောင်းရနေကြောင်း ဆီးခွဲစက်လုပ်ငန်းရှင်ထံမှ သိရသည်။

ပြည်တွင်းဈေးကွက်အနေဖြင့် ဆီးယိုလုပ်ငန်းရှင်များ၊ ဖျော်ရည်လုပ်ငန်းရှင်များက ဝယ်ယူအသုံးပြုကြသည့်အပြင် ပြည်ပဈေးကွက်အနေဖြင့် တရုတ်နိုင်ငံနှင့်ကိုရီးယားနိုင်ငံများက အဝယ်ရှိနေသည့်အတွက် ဒေသတွင်းရှိ ဆီးသီးစိုက်တောင်သူများနှင့်ဆီးခွဲစက်လုပ်ငန်းရှင်များပါ အကျိုးအမြတ်ရရှိကြကြောင်း သိရသည်။ **DOCA(မကွေး)**

### ကျောက်ဆည်ခရိုင်အတွင်း ငရုတ်သီးအမှည့်အစိုများ ဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ငရုတ် (မိုး) စိုက်ဧက စုစုပေါင်း ၈၄၉၇ ဧက စိုက်ပျိုးထားရှိပြီး ၅၀၂၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ ငရုတ်သီးများ စိုက်ပျိုးရာတွင် အရည်အသွေးကောင်း၍ အထွက်နှုန်းကောင်းသော စကာတာမျိုး၊ (692) မျိုးနှင့် တိုးတိုးအောင်ငရုတ်မျိုးကိုသာ ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ငရုတ်သီးနှံကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ငရုတ်သီးမျိုးစေ့များကို ပျိုးထောင်ပြီး ရက်ပေါင်း ၄၅ ရက်ခန့်အကြာတွင် လယ်မြေနှင့် ယာမြေများ၌ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ စုစုပေါင်း ၁၀ သိန်းခန့် ကုန်ကြကြောင်း၊ အထွက်နှုန်းအနေဖြင့် ငရုတ်အမှည့် (အစို) တင်း ၂၀၀ ခန့် ပိဿာအနေဖြင့် ပိဿာ ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ငရုတ်သီးအမှည့် (အခြောက်) အနေဖြင့် တင်း ၈၀ ခန့် ထွက်ရှိကြောင်း သိရသည်။ ငရုတ်သီးဈေးနှုန်းအနေဖြင့် ငရုတ်သီးအမှည့်(အစို) တစ်ပိဿာလျှင် ကျပ် ၈၅၀၀–၁၀၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် ငရုတ်သီးများ လှိုင်လှိုင်ထွက်ရှိနေပြီး ငရုတ်ပွဲစားများက ငရုတ်သီးအမှည့် (အစို) များကိုသာ အဓိကထား ဝယ်ယူကြသည့်အတွက် ငရုတ်စိုက်တောင်သူများ ဈေးကောင်းများရရှိကာ အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။ **DOCA(မန္တလေး)**

### ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇွန်လကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန်ဒေါ်လာ ၁၆ သန်း၊ သွင်းကုန် ဒေါ်လာ ၁ ဒသမ ၃ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၁၇ ဒသမ ၃ သန်းဖြစ်သည်။

၂၀၂၃ ခုနှစ် ဇွန် ၆ ရက်အထိ ကုန်သွယ်မှုအနေဖြင့် ပို့ကုန် ဒေါ်လာ ၂ ဒသမ ၁၄၂ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၃၅၁ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂ ဒသမ ၄၉၃ သန်း ဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇွန် ၆ ရက်အထိ ပို့ကုန်အနေဖြင့် တစ်သျှူးငှက်ပျောတန် ၅၆၀၀ နှင့် သံသတ္တုရိုင်း ၆၉၂ တန်တို့ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့သည်။ သွင်းကုန်ပိုင်းတွင် ယာယီစနစ်ဖြင့် တင်သွင်းသည့် ငှက်ပျောထုပ်ပိုးပစ္စည်းများကို ဇွန် ၆ ရက်အထိ ၄၅၅ တန် တင်သွင်းခဲ့သည်။ အခြား သွင်းကုန်များအနေဖြင့် မော်တော်ယာဉ်အပိုပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ကော်စေ့စသည့် အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပန်းသီးနှင့် လိမ္မော်သီးများ၊ လူသုံးကုန်ပစ္စည်းများနှင့် အဝတ်အထည်များ တင်သွင်းခဲ့သည်။

### မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇွန်လပထမပတ် ကုန်သွယ်မှုအခြေအနေ

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ဇွန်လ လျာထားချက်မှာ ပို့ကုန်ဒေါ်လာ ၁ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၃ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၀၃ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ဒေါ်လာ ၀ ဒသမ ၀၆၁ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၀၅ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၀ ဒသမ ၀၆၆ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၆ ဒသမ ၄၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း (အစို)၊ တညင်းသီး၊ ဆီးသီးခြောက်၊ ဆီးယိုထုပ်၊ အဝတ်အထည်၊ ချည်လုံချည်၊ သနပ်ခါးခဲ၊ လူကြီးစီး ဖိနပ်တို့ တင်ပို့ခဲ့ပြီး သွင်းကုန်အနေဖြင့် အမျိုးသားဝတ်ရှပ်အင်္ကျီ၊ အလူမီနီယံရေခရား၊ ပလတ်စတစ်ပိုက်နှင့် ပလတ်စတစ် ရေတိုင်ကီတို့ တင်သွင်းခဲ့သည်။

စစ်တွေမှ မောင်တောသို့ အတက်ကုန်ကားခ တစ်ပိဿာ ကုန်ကျစရိတ်အနေဖြင့် ကုန်ကျစ် တစ်ပိဿာကျပ် ၇၀၊ ကုန်ပွ တစ်ပိဿာ ကျပ် ၁၁၀ ဈေးရှိပြီး၊ အဆင်းကုန်ကားခ ကုန်ကျစ် တစ်ပိဿာကျပ် ၅၀ နှင့် ကုန်ပွ တစ်ပိဿာ ကျပ် ၈၀ ဈေးရှိသည်။

၂၀၂၃ ခုနှစ် ဇွန် ၇ ရက် ပြင်ပငွေလဲနှုန်းမှာ ၁ ဒေါ်လာလျှင် ၂၉၆၄ ကျပ်၊ (၁၁၄ တာကာ)၊ ၁၀၀ ကျပ်လျှင် ၃ ဒသမ ၈၅ တာကာ၊ ၁ တာကာလျှင် ၂၆ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# သင်တန်းကသင်ကြားပေးလိုက်သည့် အသိပညာများကို ပိုးသတ်ဆေးကိုင်တွယ်သုံးစွဲသူများ၊ တောင်သူများအား ဖြန့်ဝေပေးစေလို

**ပျဉ်းမနား ဇွန် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး ဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်) မှ ပူးပေါင်းကျင်းပသည့် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသိပ္ပံ (ပျဉ်းမနား) အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းရွှေ၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်း၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက ယခုသင်တန်းကသင်ကြားပေးလိုက်သည့် အသိပညာများကို မိမိတို့ပတ်ဝန်းကျင်ရှိ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲသူများ၊ တောင်သူများကို ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပိုးသတ်ဆေး လက်လီ/ လက်ကား ရောင်းချသည့် ဆိုင်များမှလည်း စစ်မှန်ပြီး အရည်အသွေးပြည့်ဝသည့် ပိုးသတ်ဆေးများကိုသာ ရောင်းချပေးရန်နှင့် သုံးစွဲစေရန် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းရွှေက နိုင်ငံတော်အနေနှင့် ဓာတုပစ္စည်းများ စနစ်တကျကိုင်တွယ်သုံးစွဲနိုင်ရေး၊ အရည်အသွေး ပြည့်ဝသော ပစ္စည်းများအား တောင်သူများ မှန်ကန်စွာသုံးစွဲနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုကို အထောက်အကူပြုစေရန် အတွက် ပိုးသတ်ဆေးဥပဒေ၊ မြေသြဇာဥပဒေ၊ မျိုးစေ့ဥပဒေ အစရှိသည်ဖြင့် ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဥပဒေများနှင့်အညီ လိုက်နာမှု ရှိ/မရှိ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သုံးစွဲသူတောင်သူများကိုလည်း ထပ်ဆင့်မျှဝေသွားခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးတွင် အထောက်အကူပြု ပါဝင်ဆောင်ရွက်ပေးကြစေ လိုကြောင်း ပြောကြားသည်။

အဆိုပါ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်) မှ ပူးပေါင်းကျင်းပသည့် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း အမှတ်စဉ် (၁/၂၀၂၃) ကို ဇွန် ၈ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၃၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



## အမ်းမြို့နယ်ရှိ မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၈**

ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လေဘေးသင့် ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မိုခါမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ် ၂၇၉ လုံးအတွက် ထောက်ပံ့ငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးတို့ကို ပေးအပ်ရာ မုန်တိုင်းဒဏ်သင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်များအား စိုက်ပျိုးမြေနှင့် စိုက်ပျိုးစရိတ် ထောက်ပံ့ပေးမည်

**ပင်လောင်း ဇွန် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်များအား စိုက်ပျိုးရာသီ ရောက်ပြီဖြစ်သည့်အတွက် သီးနှံများ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးမြေနှင့် စိုက်ပျိုးစရိတ် ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်ဘက်စုံသုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်က အမှာစကား ပြောကြားသည်။ သီးနှံစိုက်ပျိုးရာသီတွင် အိမ်ထောင်စုလေးစုလျှင် စိုက်ပျိုးမြေနေရာ တစ်ဧကနှင့် သီးနှံစိုက်ပျိုးစရိတ် ငွေကျပ် လေးသိန်းတန်ဖိုးရှိ မျိုးစေ့တစ်အိတ်၊ ကွန်ပေါင်း ဓာတ်မြေသြဇာ တစ်အိတ်၊ ပုလဲဓာတ်မြေသြဇာ တစ်အိတ်တို့ကို ထောက်ပံ့ပေးမည်ဖြစ်ပြီး သီးနှံများ စိုက်ပျိုးရာသီတွင် စိုက်ပျိုးတောင်သူ ၅၀၀ အတွက် ပေါက်ပြား၊ မိုးကာ၊ ဖိနပ်များ၊ ကျောင်းနေအရွယ်ကလေးများအတွက် တစ်ဦးလျှင် ထမင်းချိုင့်နှင့် ငွေကျပ်တစ်သောင်းကိုလည်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးသွားသော ဓာတ်အားလိုင်းများအား အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိ၊ လမ်းမီးများ ထွန်းညှိဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၈

**မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်၊ မြောက်ဦးခရိုင်တို့တွင် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းအပါအဝင် ၆၆ ကေဗွီ ဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့၍ စစ်တွေ၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ မြေပုံနှင့် ပေါက်တောမြို့များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်။**



လျှပ်စစ်ဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ပိုင်းဒေသရှိ မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး ဓာတ်အားလိုင်း ပြန်လည်ပြင်ဆင်ရေးအဖွဲ့များ စေလွှတ်၍ သက်ဆိုင်ရာ မြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံအဖွဲ့တို့ဖြင့် ပူးပေါင်းပြီး အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ၂၃၀ ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ပြင်ဆင်ခြင်း လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သဖြင့် ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံမှ ပင်မ ထရန်စဖော်မာသို့ ဓာတ်အား ဆက်လက်ပို့လွှတ်ခဲ့ကာ ယင်းထရန်စဖော်မာမှ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ် (၁) ဓာတ်အားလိုင်းဖြင့် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်တို့သို့ ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်တွေမြို့ မြို့ပေါ်မိန်းလမ်းမကြီးတစ်လျှောက် မေ ၂၅ ရက်မှစတင်၍ ကားကြီးဝင်း-မီးစက်ကြီးဝိုင်း၊ မီးစက်ကြီးဝိုင်း-နာရီစင်၊ နာရီစင်-ဘီလူးမတံတား၊ ဘီလူးမတံတား - ဆတ်ရိုးကျတံတား လမ်းတစ်လျှောက်တွင် ည ၇ နာရီမှ ၁၀ နာရီအထိ လမ်းမီးများကို ၅၀၀ ကေဗွီအေ မီးစက် အသုံးပြု၍ ထွန်းညှိပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် ဖုန်းများ၊ လျှပ်စစ်မီးလုံးများနှင့် အခြားဘက်ထရီ အားသွင်း လျှပ်စစ်ပစ္စည်းများ အသုံးပြုနိုင်ရန်အတွက် ကားကြီးဝင်း၊ မီးစက်ကြီးဝိုင်း၊ လောကနန္ဒာဘုရားရှေ့၊ မြို့နယ်အခွန်ရုံးရှေ့၊ အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်၊ လေယာဉ်ကွင်းလမ်းဆုံနှင့် ဘီလူးမတံတားထိပ် စသည့်နေရာများတွင် Charging Point နေရာများ ထပ်တိုးစီစဉ်ဆောင်ရွက်ပေးထားလျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## လဟယ်မြို့နယ်၌ ဆေးကုသခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**လဟယ် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန် ဒေါက်တာဝိုင်းအောင်နှင့် ကျန်းမာရေး ဝန်ထမ်းများသည် လဟယ်မြို့နယ် အံ့ပေါ်ကျေးရွာနှင့် မော်ဖွန်ကျေးရွာတို့ရှိ ကလေး၊ လူကြီးလူနာများအား ဇွန် ၇ ရက်က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရာတွင် အံ့ပေါ် ကျေးလက်ကျန်းမာရေးဌာနဆေးခန်းတွင် ကလေး၊ လူကြီးလူနာ ၃၈ ဦးအား ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပြီး ကျေးလက်ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်မှု၊ မိုးဦးကာလရောက်လာသည်နှင့်အမျှ ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးတို့ကို ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဆောင်ရွက်သည်။ **ယွန်း(မုံရွာကိုယ်ပွား)**

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ဝူရှူးအားကစားပြိုင်ပွဲ တတိယဆု ရရှိခဲ့သည့် ကချင်ပြည်နယ် ရွှေကူမြို့နယ် ဂုဏ်ဆောင် အားကစားသမား မောင်နေဝင်းထွန်းအား ကြိုဆိုဂုဏ်ပြုပွဲကို ဇွန် ၇ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဂုဏ်ပြုငွေချီးမြှင့်စဉ်။ မြို့နယ်(ပြန်/ဆက်)



# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာစည်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျေးရွာရှိ ရွာမကျောင်းတိုက် ဆရာတော်အား ဆွမ်းဆန်တော်များ ဆက်ကပ် လှူဒါန်းကြသည်။ ယင်းနောက် ပုဏ္ဏားကျွန်း မြို့ဦးဘုန်းတော်ကြီးကျောင်း၌ ပြိုကျပျက်စီးနေသည့် ကျောင်းဆောင်များကို ရှင်းလင်းပေးပြီး စံပြရပ်ကွက်နှင့် ရွာဟောင်းရပ်ကွက်တို့မှ ဒေသခံပြည်သူများအား အဆိုပါကျောင်းတိုက်၌ ဆန်များ ထောက်ပံ့ပေးအပ် လှူဒါန်းကြသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူမြို့အဝင် ကားလမ်းမကြီး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဘူးသီးတောင်မြို့ လမ်းဘေး ဝဲ/ယာရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ကျောက်တော်မြို့ မဟာကံကြီးသျှင် ဘုရားကြီးဝင်းအတွင်းရှိ လေဘေးသင့်ပြည်သူများ၊ ပရဟိတ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် သောက်ရေသန့်များ ပေးဝေခြင်းနှင့် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး အဆိုပါဘုရားကြီးရှိ ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ပဲ၊ ဆားများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့ ရေချမ်းပြင်ကျေးရွာ ကားလမ်းတစ်လျှောက်ရှိ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းကြီးများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် မယ်ဇလီကုန်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် အင်းဒင်ကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ကျားမသောက်ကျေးရွာမှ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက် ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြသည်။

ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာသတင်း

## ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဓားဖြင့်တိုက်ခိုက်မှုကြောင့် မူကြိုအရွယ်ကလေးငယ်များအပါအဝင် လူတချို့ဒဏ်ရာရ

**ပါရီ ဇွန် ၈**

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း အက်နက်စီမြို့ ပန်းခြံတစ်ခု၌ ဇွန် ၈ ရက် နံနက်ပိုင်းတွင် အမျိုးသားတစ်ဦးက ဓားဖြင့်တိုက်ခိုက်မှုကြောင့် မူကြိုအရွယ်ကလေးငယ်များ အပါအဝင် လူတချို့ ဒဏ်ရာရရှိခဲ့သည်ဟု ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျယ်လတ်ဒါမနင် က အတည်ပြု ပြောကြားခဲ့သည်။

လူများကို ဓားဖြင့် လိုက်ထိုးသည့်သူကို ရဲများက ဖမ်းဆီးထားပြီးဖြစ်ကြောင်းလည်း ရဲဌာနက ပြောသည်။ ယင်းသို့ ဓားဖြင့် တိုက်ခိုက်မှုကြောင့် မူကြိုအရွယ် ကလေးငယ်လေးဦး အပါအဝင် စုစုပေါင်း ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြင်သစ်သတင်းလိုင်းဖြစ်သည့် ဘီအက်ဖ်အမ် တီဗွီ၌ ဖော်ပြထားသည်။

ဒဏ်ရာရရှိသွားသည့် မူကြိုအရွယ် ကလေးငယ်လေးဦးအနက် တစ်ဦးမှာ အသက်သုံးနှစ်သာ ရှိသေးသည်။ ကလေးငယ်နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု သိရသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ ဖိုင်ဇာဘတ်မြို့၌ ပေါက်ကွဲမှုကြောင့် သေဆုံးသူများပြားလာမည်ကို စိုးရိမ်နေရ

**ကဘူးလ် ဇွန် ၈**

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘတ်ဒါရှန်ပြည်နယ် ဖိုင်ဇာဘတ်မြို့တွင် ဇွန် ၈ ရက်က ပေါက်ကွဲမှုကြောင့် သေဆုံးသူ များပြားနိုင်သည်ကို စိုးရိမ်ရကြောင်း သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဌာန ပြည်နယ်ညွှန်ကြားရေးမှူး ကာရီမာဇူဒင် အာမက်ဒီက ပြောသည်။

ဘတ်ဒါရှန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မော်လဝီနီဆာအာမက် အာမက်ဒီအတွက် အောက်မေ့ဖွယ်အခမ်းအနားပြုလုပ်သည့် ဘာသာရေးအဆောက်အအုံထဲတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဇွန် ၆ ရက် နောက်ပိုင်း ဖိုင်ဇာဘတ်မြို့၌ ဒုတိယမြောက် ပေါက်ကွဲမှုလည်းဖြစ်သည်။ ပြီးခဲ့သည့် ဇွန်၆ ရက်က ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် မော်လဝီအာမက်ဒီနှင့် အခြားတစ်ဦး သေဆုံးခဲ့ပြီး လူခြောက်ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၏ မာရွန်မီးတောင် ပေါက်ကွဲမှုဖြစ်

**မနီလာ ဇွန် ၈**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာနှင့် ကီလိုမီတာ ၅၀၀ အကွာ အယ်လ်ဗျာပြည်နယ်ရှိ မာရွန်မီးတောင်သည် တိတ်တဆိတ် ပေါက်ကွဲမှု ဖြစ်ပေါ်နေသည်ဟု ဖိလစ်ပိုင်မီးတောင်နှင့် ငလျင်ဗေဒ ဌာနက ဇွန် ၈ ရက်တွင် ပြောသည်။

လူဇွန်ကျွန်းတောင်ဘက်ဆုံးရှိ မီးတောင်မှာ ရက်အနည်းငယ် သို့မဟုတ် သီတင်းပတ်အနည်းငယ်အတွင်း မီးတောင်ပေါက်ကွဲမှုများ ဖြစ်ပေါ်လာနိုင်သည်ဟုလည်း အဆိုပါငလျင်ဌာနက သတိပေးထားသည်။ သတိပေးမှုအဆင့် ငါးဆင့်အနက် တတိယအဆင့်အထိ တိုးမြှင့်သတိပေးခဲ့သည်။

မာရွန်မီးတောင်မှာ ရက်သတ္တပတ်အနည်းငယ်အတွင်း ချော်ရည်များ စီးဆင်းလာနိုင်ပြီး ကျောက်တုံးများ ပြိုကျလာနိုင်မှုနှင့် မီးတောင်နှင့် ပတ်သက်သည့် အခြားသော ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိသည်ဟု သတိပေးထားသည်။



ဖိလစ်ပိုင်နိုင်ငံ၏ မာရွန်မီးတောင်ကို တွေ့ရစဉ်။

မီးတောင်ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် ပြာများသည် လေယာဉ်ပျံသန်းမှုတွင် အန္တရာယ်ရှိသည့်အတွက် မီးတောင်ထိပ်ဝအနီး ပျံသန်းမှုများမပြုလုပ်ကြရန်လည်း အရပ်ဘက်လေကြောင်းအာဏာပိုင်များက တိုက်တွန်းထားသည်။

မာရွန်မီးတောင်သည် ခရီးသွားများကို အဓိကဆွဲဆောင်ရာနေရာတစ်ခုဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံအတွင်း လှုပ်ရှားမှုအများဆုံး မီးတောင်လည်းဖြစ်သည်။ နှစ်ပေါင်း ၄၀၀ အတွင်း အကြိမ်ရေ ၅၀ ခန့် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ

# မအူပင်မြို့၌ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ပုသိမ် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ယမန်နေ့ညနေပိုင်းက ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့သောကြောင့် အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်မြေခြင်း၊ စေတီတော်မြတ်ကြီးအနီး မိုးကုတ်ဝိပဿနာတရားစခန်းရှိ တရားရိပ်သာဆန်းရိုတ်နှင့် ကျောက်ထုတ်ပြိုကျခြင်း၊ မအူပင်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ဆောင်၊ သုံးထပ် စာသင်ဆောင် (Lဆောင်)များ ထိခိုက်ပျက်စီးခဲ့ခြင်းကြောင့် အဆိုပါနေရာများသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မအူပင်တက္ကသိုလ်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများရှိခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နှင့် တက္ကသိုလ်ပုံမှန်ဖွင့်လှစ်သင်ကြားနိုင်ရေး မှာကြားသည်။

အလားတူ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီးအနီး မိုးကုတ်ဝိပဿနာတရားစခန်းရှိ တရားနာဆောင်ဆန်းရိုတ်နှင့် ကျောက်ထုတ်ပြိုကြမှုများ ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ပြုပြင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားကာ သီလရှင်ဆရာကြီးများအား အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ရွှေဘုန်းမြင့်စေတီတော်ကြီးသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် မြေခဲ့သည့် စိန်ဖူးတော်အားဖူးမြော်ခဲ့ကာ (ဝဲပုံ) စိန်ဖူးတော် ပြန်လည်တင်လှူပူဇော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် သာသနာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး **(ယာပုံ)** မုန်တိုင်းကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းခြောက်ကျောင်းအတွက် ပြန်လည်ပြုပြင်ရန် လိုအပ်သော အမိုးသွပ်များ၊ ဆွမ်းဆန်တော်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မုန်တိုင်းဒဏ်သင့်ဘုန်းတော်ကြီး ကျောင်းများသို့ လှူဒါန်းသော နဝကမ္မ အလှူတော်ငွေများအား ကျောင်းထိုင်ဆရာတော်များထံ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ကျော်ကျော်စိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေး ပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များ ထောက်ပံ့သည့် ကုလားတန်(၅)သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ထောက်ပံ့ပစ္စည်းခြောက်မျိုးကို ယနေ့ နံနက်ပိုင်းတွင် ငပင်လယ်ဆိပ်ကမ်း၊ ဆိပ်ခံတံတားပေါ်သို့ တင်ယူပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမသို့ ပြောင်းရွှေ့ပေးကာ ထောက်ပံ့ရေးပစ္စည်းများ



လေဘေးသင့် ပြည်သူများထံသို့ မြန်မြန်ဆန်ဆန် ဖြန့်ဝေပေးနိုင်ရေး အစည်းအဝေး ပြုလုပ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှု အရှေ့အလယ်ပိုင်းစစ်ဌာနချုပ်၏ ဘက်စုံစိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားများ၏ တစ်ဦးချင်းရောဂါဖြစ်ပွားမှုအခြေအနေနှင့် ရောဂါတိုးတက်ကောင်းမွန်လာမှုအခြေအနေတို့အား လိုက်လံကြည့်ရှု၍ အားပေးစကားများ ပြောကြားကာ အာဟာရပြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၏ ဘက်စုံ စိုက်ပျိုး/ မွေးမြူရေးခြံများအတွင်း ရာသီသီးနှံများစိုက်ပျိုးထားရှိမှု၊ စင်တင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ ဒေသကြက်၊ DYL အသားတိုးဝက်၊ ဆိတ်၊ နို့စားနွား၊ အသားစားနွား၊ ငါးခူမွေးမြူထားရှိမှု၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံဆောင်ရွက်နေမှုနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များသို့ ပြင်ပထက် သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘီးလင်းမြို့နယ် ကျေးလက်ရုံး၌ ဦးစီးဌာန နှစ်ပတ်လည်အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်း

**ဘီးလင်း ဇွန် ၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးဌာန (၁၁) နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တက်ရောက်လာကြသူများက ပင့်ဖိတ်ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းအားဆက်ကပ်လှူဒါန်းကာ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူခဲ့ကြကြောင်း သိရသည်။

မောင်မွေး

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊UAB pay နှင့် Citizen Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်<br>ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်<br>တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်<br>ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်း<br>ဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယ<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်<br>ဆိုင်ရာ စီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်း<br>ဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**




























## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများ ပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများ ပေးပို့နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၇-၆-၂၀၂၃ ရက်နေ့မှစ၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဇေယျာသီရိမြို့နယ်၌ ပဲတီစိမ်း စံပြစိုက်ခင်းကွင်းသရုပ်ပြ

**ဇေယျာသီရိ ဇွန် ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးထားသည့် ပဲတီစိမ်း စံပြစိုက်ခင်းကွင်းသရုပ်ပြပွဲကို ဇွန် ၇ ရက်က ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ ကွင်းအမှတ် (၁၆၀၇) ကွင်း၌ ကျင်းပသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ခဲ့ပြီး နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးက မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးနေမှုကို လက်တွေ့သရုပ်ပြသသည်။

အဆိုပါ မျိုးစေ့ချစက်ကိရိယာဖြင့် အခြောက်ထယ်ရေးတွင် မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် မျိုးစေ့အလေအလွင့်မရှိဘဲ မျိုးစေ့ကုန်ကျမှုသက်သာခြင်းတို့ကြောင့် ဇေယျာသီရိ မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးလိုပါက စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၈) စက်မှုလယ်ယာစခန်း တပ်ကုန်းမြို့သို့ ဆက်သွယ်၍ စိုက်ပျိုးနိုင်ကြောင်း တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

**ဇော်ဘီ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၈** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၃) (ပညာရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**မင်္ဂလာရှိသောနေ့**

၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့ ကျောင်းတွေဖွင့်ပြီ။

စစ်တွေမြို့၏ နံနက်ခင်းရာသီဥတုကလည်း သာသာယာယာလေး ဖြစ်လို့နေသည်။ ထိုမြင်ကွင်းအလှကို အားဖြည့်ပေးလိုက်သည်က ကျောင်းဝတ်စုံအဖြူ အစိမ်းလေးများနှင့် သားငယ် သမီးငယ်လေးများ၏ သန့်စင်သောအပြုံး၊ သွက်လက်သောခြေလှမ်း၊ ဟန်ဆောင်မှုကင်းသည့် အမူအရာလေးများပဲဖြစ်၏။ သူတို့၏ ခြေလှမ်းတိုင်းတွင် ယုံကြည်ချက်ရှိသည်၊ အနာဂတ်ရှိသည်။ ထိုခြေလှမ်းလေးများ အားလုံးသည် စာသင်ကျောင်းများဆီသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်ရှိလာကြသည်။ ကြည်နူးချမ်းမြေ့ဖွယ်ရာ မြင်ကွင်းများပါပေ။

စစ်တွေမြို့တွင် ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ လိုက်ပါလျက် ယနေ့ဖွင့်လှစ်နေပြီဖြစ်သော အခြေခံပညာကျောင်းများသို့ သွားရောက်ကာ အားပေးကြည့်ရှုခဲ့ကြသည်။ ဆရာဆရာမများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုပြီး မူလတန်းအဆင့် ကျောင်းသား ကျောင်းသူလေးများအား ကျောင်းလွယ်အိတ်နှင့် ဗလာစာအုပ်များ ပေးအပ်ခဲ့သည်။ ကျောင်းဝင်းအတွင်း ထပ်မံပြုပြင် တည်ဆောက်ပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများကို မှာကြားသည်။



စစ်တွေမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၌ ပညာသင်ယူလျက်ရှိသော ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

- ❖ **မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း၌ မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် ၁၀ မြို့နယ်က စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ယင်းသို့ ရှိပင်ရှိခဲ့သော်ငြားလည်း ကျောင်းဖွင့်ရာသီ၌ အခြားပြည်နယ်၊ တိုင်းဒေသကြီးများနည်းတူ ကျောင်းအားလုံး ဖွင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပြီးဖြစ်**
- ❖ **ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်းများအားလုံး အဆင်ပြေပြေ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံအတွက်၊ ပြည်နယ်အတွက်၊ မြို့ရွာဒေသများအတွက် မင်္ဂလာရှိသော နေ့ရက်တစ်ရက်ဖြစ်လာ**

ယနေ့ သွားရောက်ကြည့်ရှုခဲ့သော အခြေခံပညာကျောင်းများမှာ အထက (၁)၊ အထက(၄)၊ အမှတ် (၁၅) မူလွန်၊ ကျောင်းတက်လမ်းရပ်ကွက် မူလွန်၊ အထက(၂)၊ အထက (၆) ကျောင်းများ ဖြစ်ပါသည်။ မိုခါမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်း၌ မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် ၁၀ မြို့နယ်က စာသင်ကျောင်းများ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ ယင်းသို့ ရှိပင်ရှိခဲ့သော်ငြားလည်း ကျောင်းဖွင့်ရာသီ၌ အခြားပြည်နယ်၊ တိုင်းဒေသကြီးများနည်းတူ ကျောင်းအားလုံးဖွင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပြီး ဖြစ်သည်။ သို့ဖြစ်၍ ပညာရေးဝန်ကြီးဌာနသည် စစ်တွေနှင့် ပေါက်တောမြို့နယ်များရှိ အခြေခံပညာကျောင်းအားလုံး၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ရသေ့တောင်၊ မြေပုံ၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များရှိ အခြေခံပညာမူလတန်း၊ မူလွန်၊ အလက ကျောင်းများကို တာဝန်ယူပြုပြင်တည်ဆောက်ပေးခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ဖော်ပြပါ ရှစ်မြို့နယ်အတွင်းရှိ အထကကျောင်းများနှင့် အထက(ခွဲ)ကျောင်းများကို ကူညီပြင်ဆင်ပေးခဲ့သည်။ ထိုသို့ ပြင်ဆင်နေစဉ်ကာလမှာလည်း ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကလည်း လိုအပ်သည့် လမ်းညွှန်မှု၊ ကူညီစောင့်ရှောက်မှုများ ပေးခဲ့သည်။ သည့်အတွက်လည်း ယနေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ကျောင်းများအားလုံး အဆင်ပြေပြေ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံအတွက်၊ ပြည်နယ်အတွက်၊ မြို့ရွာဒေသများအတွက် မင်္ဂလာရှိသော နေ့ရက်တစ်ရက်ဖြစ်လာခဲ့ပေပြီ။

**စေတနာရှင် ဒေါက်တာကျော့သာစိန်**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကျွန်တော်တို့အဖွဲ့ စစ်တွေမြို့ အထက (၁)သို့ နံနက် ၉ နာရီစွန်းစွန်းခန့်မှာ ရောက်ရှိသွားချိန် ကျောင်းဝင်းထဲမှာ ရုပ်ရည်အားဖြင့် သန့်ပြန့်ချောမောသော အမျိုးသမီးကြီးတစ်ဦးကို တွေ့ရသည်။ ဒုတိယဝန်ကြီးချုပ်အား အကြောင်းကိစ္စတချို့ရှင်းပြနေသည်ကို ခပ်လှမ်းလှမ်းမှ မြင်နေရ၏။ အစကတော့ မြို့မိမြို့ဖလား၊ ကျောင်းအုပ်ကြီးဟောင်းလားလို့ တွေးမိသေး၏။ နားစွန်နားဖျား ကြားနေရသည်က ပရဟိတပညာရေးလုပ်ငန်းများ အကြောင်းဆိုတော့ကာ ပရဟိတ ကျောင်းသားဖြစ်ခဲ့ဖူးသော ကျွန်တော်သည်လည်းပဲ အစ်မကြီးကို စိတ်ဝင်စားမိသည်။ ထို့ကြောင့် ကျောင်းက ပြန်အထွက်မှာ နှုတ်ဆက်စကားဆို၍ သူ၏ ပရဟိတလုပ်ငန်းများအကြောင်းကို စေ့ငုလိုက်မိသည်။

“ကျွန်မက ဒေါက်တာကျော့သာစိန်၊ အသက် ၇၀ ရှိပြီ ငယ်ငယ်တုန်းက ၁၀ တန်း နှစ်ခါကျဖူးတယ်၊ ညကျောင်းတက်ပြီး ပြန်ကြိုးစားဖြေတော့ ဂုဏ်ထူးသုံးဘာသာနဲ့ အောင်တယ်၊ ၁၀ တန်းကျတဲ့ ကလေးတွေကို ကိုယ်ချင်းစာစိတ်နဲ့ အောင်စေချင်တယ်၊ ဒါကြောင့် ၂၀၁၅ ကနေ ၂၀၁၉ ထိ ဒီအထက(၁)မှာ ညပိုင်းအချိန်ယူဖွင့်လှစ်ပြီး ကျွန်မတို့သင်ခဲ့တယ်။ ဒီလုပ်ငန်းအတွက် ကျွန်မကားတွေ၊ အိမ်တွေကိုတောင် ရောင်းခဲ့တာ၊ အခုကျွန်မတို့သင်ပေးတဲ့ တပည့်တွေထဲမှာ ဆရာဝန် ၂၃ ယောက်ဖြစ်ခဲ့ပြီ၊ ၄၃ ယောက်က ဆေးတက္ကသိုလ်တက်နေဆဲ၊ တချို့က ကျွန်မတို့ရဲ့ပညာဒါနအတွက် အလှူငွေကျပ်သိန်း ၁၀၀၊ သိန်း ၂၀၀ လှူချင်ကြတယ်၊ ကျွန်မလက်မခံပါဘူး၊ လှူချင်ရင်လက်ရှိဆေးတက္ကသိုလ်

*စာမျက်နှာ ၁၇ သို့*





# ကချင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်မျက်ရတနာရောင်းဝယ်ရေးစင်တာ(မြစ်ကြီးနားမြို့)ရှိ ကျောက်မျက်အချောထည်များ ဈေးကွက်ဖော်ဆောင်နိုင်ရေးကြည့်ရှု



**မြစ်ကြီးနား ဇွန် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စက်မှုဇုန်ရပ်ကွက်အတွင်းရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မြစ်ကြီးနား) ပိုင် ဧရိယာအတွင်း တည်ဆောက်ဖွင့်လှစ်ထားရှိသည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးစင်တာ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ပယင်းအချောထည်ဆိုင်ခန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇွန် ၇ ရက်က ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုရာ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)မှ တာဝန်ရှိသူများက ရောင်းဝယ်ရေးစင်တာအတွင်း ဆိုင်ခန်းများဖွင့်လှစ်ထားရှိမှု၊ ဈေးရုံအတွင်း ပယင်းအချောထည်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသမှုကို လှည့်လည်ကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်ခန်းများ စနစ်တကျ ပြင်ဆင်ရောင်းချနိုင်ရေး၊ ပယင်းအချောထည် ဈေးကွက်ခိုင်မာပြီး ပိုမိုကောင်းမွန်သော ဈေးကွက်အချက်အချာ နေရာတစ်ခုဖြစ်လာစေရေး၊ လူအများ လွတ်လပ်စွာ ဝင်/ထွက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအားဖြင့် စည်ကားသော ဈေးနေရာတစ်ခုဖြစ်လာစေရေး၊ စင်တာပတ်ဝန်းကျင် အမှိုက်ကင်းစင်ရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

တက်နေတဲ့ ကလေးတွေကို လစဉ်ကျပ် တစ်သိန်း၊ ဒါမှမဟုတ် နှစ်သိန်း ထောက်ပံ့တာမျိုးပဲ လုပ်စေခဲ့ပါတယ်၊ ဒီလို ပညာဒါန ပရဟိတလုပ်ငန်းတွေ လုပ်ခဲ့လို့ အမျိုးသမီးစွမ်းဆောင်ရှင်ဆုလည်းရခဲ့ပြီ၊ ရခိုင်ယဉ်ကျေးမှုအဖွဲ့က ချီးမြှင့်တဲ့ ရခိုင့်တံခွန်ဆုတံဆိပ်လည်း ရခဲ့ပြီ...

အစ်မကြီး ဒေါက်တာကျော့သာစိန် ပြောသွားသည့်အထဲမှာ ၂၀၂၁ - ၂၀၂၂ စာသင်နှစ်တုန်းက ၁၀ တန်းဝင်ဖြေသည့်အထဲမှာ ကိုးနှစ်၊ ၁၀ နှစ်လောက် ကျခဲ့သူ နှစ်ဦးတောင် အောင်သွားသည့် အကြောင်းပါလာသဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် အထကခေါင်လန်ဖူးကျောင်းကို ပြေး၍ မြင်ယောင်မိ၏။ အထက ခေါင်လန်ဖူး၊ အထက ဇန်ယော့၊ အထက ရှိန်းခေါင် ကျောင်းများ ၁၀ တန်းမအောင်တာ ၁၀ နှစ်ခန့်ရှိပြီဖြစ်၍ ဘဲဥကွဲအောင် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ဖူးသည်။ နှစ်ယောက်စ အောင်သည်၊ ပြီးခဲ့သည့်နှစ်က ခြောက်ယောက် အောင်သည်။ ဒေါက်တာ ကျော့သာစိန်နှင့် စကားပြောရင်း စိတ်ကခေါင်လန်ဖူးအထိ ရောက်သွားရသော စစ်တွေအထက(၂)မှ အတွေးစများ။

### အထက(၄)သို့ ရောက်ခဲ့သည်

အထက (၁) မှ အထက (၄) သို့ သွားရောက်ခဲ့ကြသည်။ အထက(၄) သုံးထပ်စာသင်ဆောင်ကြီးမှာ Grade-12 STEAMS-2 မှာ အတန်းဝင်နေသည့် ဒေါက်တာခိုင်မျိုးသူ၏ သင်ကြားမှုကို လေ့လာကြည့်ရှုဖြစ်ခဲ့သည်။ အထက(၄) ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုရင်း သတိထားမိသည်ကတော့ ၁၈၉၀ ပြည့်နှစ်က ဆောက်လုပ်ခဲ့သော နှစ်ထပ်စာသင်ဆောင်တစ်ဆောင်ကို တွေ့ခဲ့ခြင်းပင်။ အင်္ဂလိပ်ခေတ်က ကျောင်းဖြစ်ပြီး ကျောင်းတိုင်ကြီးများ ကြီးမားထည်ဝါသည်။ နှစ်ပေါင်း ၁၃၃ နှစ်ရှိ ကျောင်းဆောင်တစ်ဆောင်မို့ ငေးမောကြည့်ရှုဖြစ်ခဲ့သည်။

### ထူးထူးခြားခြားတွေ့ခဲ့ရသည်များ

အထက(၄)မှ အမှတ်(၁၅)မူလွန်ကျောင်း၊ ယင်းနောက် ကျောင်းတက်လမ်းရပ်ကွက်ရှိ မူလွန်ကျောင်းများသို့လည်း ဝင်ရောက်အားပေး ကြည့်ရှုခဲ့ကြသည်။ ထိုမှ အထက(၂) စစ်တွေကျောင်းသို့ ရောက်ခဲ့ကြ၏။ အထက(၂) အဝင်ဆိုင်းဘုတ်ကို မြင်လိုက်ကတည်းက စိတ်ဝင်စားစရာ စ၍တွေ့ရသည်။ ကျောင်းဆိုင်းဘုတ် အလှူရှင်သည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ခြောက်ဘာသာဂုဏ်ထူးရှင် မစောယုနွယ်နီဟု ရေးထိုးထားခြင်းဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်ကလည်း စာတော်သော အစ်ကိုများ၊ အစ်မများကို အားကျဖူး၏။ လူရည်ချွန်ဖြစ်ခဲ့သူများကို အားကျခဲ့ဖူး၏။ မောင်ငယ် ညီမငယ်များအတွက် စောယုနွယ်နီသည် စံပြဖြစ်နေပါလိမ့်မည်။ ကျောင်းအဝင်ဝမှာလည်း မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောဟု ရေးသားထားသေးသည်။ မိဘဆရာသမားများ၏ ဂုဏ်ကျေးဇူးကြီးမားပုံကို အမြဲအောက်မေ့သတိရစေရန် ဖြစ်ပေလိမ့်မည်။ အထက(၂) ကျောင်းဝင်းထဲမှာပဲ နောက်ထပ် ထူးထူးခြားခြားတစ်ခုကို တွေ့မြင်ခဲ့ရသေး၏။ အခြားမဟုတ်ပါ။ နှစ်ပေါင်းများစွာ အိုမင်းနေပြီဖြစ်သော ကျောင်းဆောင်ဟောင်းတစ်ဆောင်တွင် ဆေးလည်းမသုတ်၊ ပြင်ဆင်ခြင်းလည်း ပြုမထားသည့် အခန်းငယ်တစ်ခုရှိနေခြင်းပင်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အင်္ဂလိပ်လူမျိုး ကျောင်းအုပ်ကြီးတစ်ဦး နေထိုင်ကွယ်လွန်ခဲ့သော ရုံးခန်းဖြစ်သည်ဆို၏။ အထက(၂) ကျောင်းရှေ့တန်းစီကွင်းနေရာသည် ညီညာပြန့်ပြူးမှုမရှိ၊ မြေထိုးမြေညှိပြုလုပ်ပြီး ကွန်ကရစ်ခင်းတန်းစီကွင်းဖြစ်လာစေရန် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

> **ကျွန်တော်တို့ ငယ်ငယ်ကလည်း စာတော်သော အစ်ကိုများ၊ အစ်မများကို အားကျဖူး၏။ လူရည်ချွန်ဖြစ်ခဲ့သူများကို အားကျခဲ့ဖူး၏။ မောင်ငယ် ညီမငယ်များအတွက် စောယုနွယ်နီသည် စံပြဖြစ်နေပါလိမ့်မည်။ ကျောင်းအဝင်ဝမှာလည်း မာတာပိတုဂုဏောအနန္တော၊ အာစရိယဂုဏောအနန္တောဟု ရေးသားထားသေးသည်။ မိဘဆရာသမားများ၏ ဂုဏ်ကျေးဇူးကြီးမားပုံကို အမြဲအောက်မေ့သတိရစေရန် ဖြစ်ပေလိမ့်မည်**



ကျောင်းစာသင်ခန်းအတွင်း ပညာဆည်းပူးလေ့လာနေသော ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

### ကျောင်းများ ဆက်လက်ပြင်ဆင် တည်ဆောက်ပေးမည်

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဇွန်လ ၁ ရက်နေ့ ကျောင်းများဖွင့်လှစ်ချိန်တွင် အချိန်မီဖွင့်လှစ်နိုင်ရေးအတွက် ပျက်စီးသွားသော အမိုးအကာများကို ပြန်လည်ပြုပြင်ကြသည်။ ကျောင်းဆိုင်းဘုတ်၊ အလံတိုင်များကအစ ကျောင်းခြံစည်းရိုး ပြိုကျမှုများအပါအဝင် ရက်ပိုင်းအတွင်း ပြုပြင်နိုင်သမျှကို အချိန်လု၍ ပြင်ဆင်ခဲ့ကြသည်။ အဆောင်လိုက်ပြိုကျပျက်စီးမှုများကိုမူ ရန်ပုံငွေလျာထားဆောင်ရွက်ရမည်။ ထို့အတွက် ကျောင်းဆောင် အခက်အခဲရှိလျှင် အချိန်ခွဲ၍ သင်ကြားပေးခြင်း၊ ယာယီဖွင့်လှစ်သင်ကြားနိုင်မည့် နေရာများဖြစ်သည့် ကျေးရွာစာကြည့်တိုက်၊ စုဝေးခန်းမ စသည်တို့၌ သင်ကြားပေးခြင်းတို့ကို ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်သည်။ ယာယီစာသင်ဆောင်အတွက် မြောက်ဦးမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ပေးထားသော မြစိမ်းရောင်စီမံကိန်း စုဝေးခန်းမဆောင်တစ်ခု ပါဝင်နေကြောင်း တွေ့ရသည်။

အခြေခံပညာကျောင်းများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ ပြုပြင်ဆဲနှင့် ပြုပြင်ရန်ကျန်အခြေအနေမှာ အထကကျောင်း ၄၈၇ ကျောင်းရှိသည့်အနက် ၂၈၄ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ၄၉ ကျောင်း ပြုပြင်ပြီး ၂၃၅ ကျောင်း ပြုပြင်ဆဲဖြစ်သည်။ အလကကျောင်း ၁၁၇၁ ကျောင်းရှိသည့်အနက် ၅၉၃ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ၄၇ ကျောင်း ပြုပြင်ပြီး ၄၆၁ ကျောင်း ပြုပြင်ဆဲဖြစ်သည်။ ပြုပြင်ရန် ကျန် ၈၅ ကျောင်းဖြစ်သည်။ မူလတန်းကျောင်း ၁၅၃၅ ကျောင်းရှိသည့်အနက် ၅၀၇ ကျောင်း ထိခိုက်ပျက်စီးခဲ့ရာ ပြုပြင်ပြီး ၆၀၊ ပြုပြင်ဆဲ ၃၄၇ ကျောင်း၊ ပြုပြင်ရန်ကျန် ၁၀၀ ဖြစ်သည်။ သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်း အခြေခံကျောင်းအားလုံးကို ခြုံငုံကြည့်ပါက ကျောင်းပေါင်း ၃၁၉၃ ကျောင်း၊ ထိခိုက်ပျက်စီးသည့်ကျောင်း ၁၃၈၄ ကျောင်း၊ ပြုပြင်ပြီး ၁၅၆ ကျောင်း၊ ပြုပြင်ဆဲ ၁၀၄၃ ကျောင်း၊ ပြုပြင်ရန်ကျန် ၁၈၅ ကျောင်းဖြစ်သည်။

### ကျောင်းအပ်နှံပြီးစီးမှုအခြေအနေ

ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်၌ ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံပြီးစီးမှုအခြေအနေမှာ အထက်တန်း ၄၇၇၈၃ ဦး၊ အလယ်တန်း ၉၄၉၇၄ ဦး၊ မူလတန်း ၂၉၄၄၉၆ ဦး စုစုပေါင်း ၄၃၇၂၅၃ ဦးဖြစ်သည်။ ပြီးခဲ့သည့်နှစ်တွင် ရခိုင်ပြည်နယ်သည် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ၄၇ ရာခိုင်နှုန်းဖြင့် အောင်မြင်မှုသရဖူ ဆောင်ခဲ့ကြောင်း သိရသည်။ ယခုများ မကြာမီအချိန်၌လည်း သားငယ်သမီးငယ်များ၏ အောင်မြင်မှုသတင်းကောင်းများကို ကြားရလိမ့်မည်ဟု ယုံကြည်သည်။ ဝတီလေးရပ်လုံးလည်း အေးချမ်းသာယာရှိကြပါစေ။ ။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ ဇဟာကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့မ ရဲစခန်းမှ ဒုရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ ၁၀ မိုင်စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို လည်းကောင်း၊ ထားဝယ်မြို့ အမှတ်(၇၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက် (၇)လမ်းဆုံ မီးပွိုင့်အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Toyota Probox မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၀၀၀၀၀)ကိုလည်းကောင်း၊ ထားဝယ်မြို့ ဇရစ်ရပ်ကွက် ဈေးကြီးအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို လည်းကောင်း၊ ထားဝယ်ခရိုင် မှူခင်းနှိမ်နင်းဌာနစိတ်မှ ဒုရဲအုပ် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက် အဝေးပြေးကားကွင်းရှိ မန်းရတနာကားဂိတ်အား သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Chang ဘီယာဘူး ၁၉၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀) ကိုလည်းကောင်း၊ Leo ဘီယာဘူး ၇၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၀၀၀)ကို လည်းကောင်း၊



Black and White Whisky ၃၆ ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀)ကို လည်းကောင်း၊ Bland 285 ၁၂ ပုလင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၈၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇွန် ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ချမ်းမြသာစည်မြို့နယ် ၁၃၈ x ၁၃၉ လမ်းကြား ၅၆ လမ်း ဂိုဒေါင်အမှတ် (H-220)၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်အကောက်ခွန်မဲ့ အဆိုးထုပ်(ခ) ဘေထုပ် အထုပ် ၄၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၆ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မအူပင်မြို့နယ် တလုပ်လုပ်ကျေးရွာ မြို့ဝင်ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်များအတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၂၆၈၆ တန်နှင့် အခြားသစ် ၁ ဒသမ ၁၀၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၄၂၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ တာဝန်ကျပူးပေါင်းအဖွဲ့က ရန်ကုန်-မော်လမြိုင်ကားလမ်း စစ်တောင်းတံတား (မုပ္ပလင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၆၆၄၂၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇွန် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lady Wear အခု ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Bus မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မုံရွာမြို့ အမှတ်(၁၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကျွဲရဲပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Noah မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀)နှင့် ရွှေဘိုမြို့ အမှတ်(၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရွှေဘိုမြို့ စခတ(၈)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Nissan Advan မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ် မြစ်နားကိုင်းကျေးရွာအနီး၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၈၄ တန်နှင့် အခြားသစ် ၁၃၃ ဒသမ ၃၁၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၂၇၅၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၂၇၅၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၉၀၁၁၇၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ခွေးမြုပ်ကျေးရွာနေ ရဲနိုင်အောင်သည် ၎င်းအသုံးပြုသည့် "Sai Sai Ye" Facebook အကောင့်နှင့် နန်းဦးကျေးရွာနေ နောင်ရိုးထွန်းသည် ၎င်းအသုံးပြုသည့် "Naung Yoe Htun" Facebook အကောင့်တို့ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နတ်တလင်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပပျောက်ရေး ကွင်းဆင်းစစ်ဆေး

**နတ်တလင်း ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ စစ်ဆေးဆောင်ရွက်ခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မင်းထွေး ဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဝန်ထမ်းများမှ ဌာနပိုင်ထရန်စဖော်မာများ၊ ပုဂ္ဂလိကပိုင်ထရန်စဖော်မာများ၊ ပါဝါမီတာနှင့် အိမ်သုံးမီတာများအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် အပတ်စဉ်ကွင်းဆင်း စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**မဟာအောင်မြေမြို့နယ်တရားရုံး**

**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၁၃**

ဦးရန်ကြိမ်ရုံ နှင့် ဗိုလ်ကြီးညဏ်ထွန်း

တရားလို တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (၈၈-၂၇)၊ ထွန်းတုံးရပ်ကွက် ရပ်နေ ဗိုလ်ကြီးညဏ်ထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရန်ကြိမ်ရုံ က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၁၆ရက် (၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်ခိုင်မိုး)
မြို့နယ်တရားသူကြီး
မဟာအောင်မြေမြို့နယ်တရားရုံး

---

## လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ OPTIMAI (MYANMAR) PTE LTD ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

**(အစုရှင်များ၏ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

OPTIMAI (MYANMAR) PTE LTD (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေး ဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်-

- **ကျင်းပမည့်ရက်** - ၉-၇-၂၀၂၃ရက်
- **ကျင်းပမည့်အချိန်** - နံနက် ၁၁:၃၀နာရီ
- **ကျင်းပမည့်နေရာ** - အခန်း ၂၇၀၊ ၇ လွှာ(ခ)၊ တာဝါ (A)၊ မြောက်မြေနီကုန်း၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဒေါ်မေသူလှိုင် (MAIP Member Number-00075)**
**Competency Business Solutions Company Limited**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**OPTIMAI (MYANMAR) PTE LTD**

---

## အမည်ပြောင်း

ဦးကျော်ခင်၏သမီး၊ ဖောင်းပြင်မြို့နယ်၊ ရွှေထီးကုန်းကျေးရွာအုပ်စု၊ ရွှေထီးကုန်းကျေးရွာ အလက (G-8)မှ မအဲပြားအား မသင်းသင်းအေးဟု ပြောင်းလဲခေါ်ပါရန်။

---

## ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့၊ လက်ပံကျင်း(တ)ရွာနေ ဦးစိုးနိုင်၏သား၊ မောင်ရဲဇော် ၉/ကပတ(နိုင်)၂၉၇၉၄၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MF 834873 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၇၅၉၆၈၉၁၅

---

## အမည်ပြောင်း

ဦးနိုင်ဝင်းထွန်း ၅/မရန(နိုင်) ၁၇၃၂၀၂၏ သား၊ မုံရွာမြို့၊ ဝေဇယန္တာ အမှတ် (၂) မူလတန်းလွန် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (G-6)၌ ပညာသင်ယူခဲ့သော မောင်မြတ်မင်းထွန်းအား မောင်မြတ်မင်းထက် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မြတ်မင်းထက်

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဥဒေါင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း Grade-10 မှ စောစိန်သန်းကျော်၏ ဖခင် စောဖုံးပျက်(ခ)ဦးမောင်ဝင်းမြိုင် ၃/ဘအန(နိုင်)၄၄၆၃၁၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

## မွေးသက္ကရာဇ်အမှန်

ဦးစိုးထွန်း ၈/ရစက(နိုင်) ၁၁၉၆၇၀ ၏ သား မောင်အောင်ကျော်ဇော၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၉-၂၀၀၇ ဖြစ်ပါကြောင်း။

---

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၆-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၂) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်မြလွင်အစား ဦးမြလွင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ တောကင်းကျေးရွာ အမကမှ အထွေထွေလုပ်သား ဦးနေထွန်း ၉/သစန(နိုင်)၀၂၁၁၄၅၏ အမည်မှန်မှာ ဦးနေထွန်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၂-၁၉၆၇ ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

ပုသိမ်မြို့၊ အထက(၁၁)၊ Grade-8 မှ (ဘ)ဦးဇေယျာမင်း ၁၄/မမန(နိုင်)၁၉၇၃၈၄ ၏ သမီး မပန်းမြတ်မေအား မအေးသီရိမေဟု ပြောင်းလဲခေါ်ပါရန်။

---

## မိဘအမည်မှန်

ရမည်းသင်းမြို့နယ်၊ အလက (ဝကုန်း) G-9 မှ မရွှေယမင်းဦး၏ မိဘများမှာ ဦးမြင့်နိုင် ၉/ရမသ (နိုင်)၁၂၅၄၅၈ နှင့် ဒေါ်စုလှိုင်ဖြိုး ၉/ရမသ(နိုင်)၁၄၅၂၁၉ ဖြစ်ပါကြောင်း။

---

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာအုပ်စု၊ တပ်ဦးကျေးရွာနေ ဦးကျော်စံငွေ ၁၃/မငန(နိုင်)၀၀၁၈၇၆ ၏သမီး အထက (တပ်ဦး) Grade-1 မှ မသဇင်တော်အား မသက်သူဇာငွေဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ ၂၇-၅-၂၀၁၇ ဖြစ်ပါကြောင်း။

---

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မြို့ရိုး(၁)လမ်း၊ အမှတ်(၁၂၉)နေ ဦးဝင်းထွန်းလှိုင် (ဘ) ဦးခင်ဝင်း (၁၄/ကပန(နိုင်)၁၃၂၂၄၀)ကိုင်ဆောင်သူသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်-(၄/၄၆၈၄) ဖြင့် (၁၆-၅-၂၀၂၃) ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါလုပ်ငန်းအမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်-

(၄/၄၆၈၄)

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား **"အောင်သစ္စာ"** ဟူသောအမည်အမှတ်အသားဖြင့် **"ဆန်စက်လုပ်ငန်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်း"**တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခန်းများ၊ စက်ရုံများဖွင့်လှစ်၍ ထုတ်လုပ်/ဖြန့်ဖြူး/ရောင်းချ/လုပ်ကိုင်လျက်ရှိရာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။ မိမိ၏လုပ်ငန်းအမှတ်တံဆိပ်နှင့် စပ်လျဉ်းပတ်သတ်သည့်ကိစ္စများ အပေါ်တွင်လည်း ၎င်းလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိရာ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ရောင်ထင်မှား ဆင်တူရိုးမှား တုပပြုလုပ်၍ မိမိတို့မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ တရားမဝင်တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမည် အမှတ်အသားနှင့်ပတ်သက်၍(အမည်တူ)၊ ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/နဝဒေးရပ်၊ နဝဒေးရပ်ကွက်ရှိ ဒု-အရာခံဗိုလ်အောင်မြင့်ထွန်း (ကိုယ်ပိုင်အမှတ် ၇၇၂၃၅၆)၊ ၁၂/မရက(နိုင်)၀၃၀၂၅၆ (ဘ)ဦးလှမြင့် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(B) ၁၅၈၁ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်နှင်းသီတာ ၁၂/မရက(နိုင်)၀၀၂၆၇၀ (ဘ)ဦးခင်ကြိုင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-အရခဗ အောင်မြင့်ထွန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေရေးယာကေရှိ ဒေါ်လှချစ် ၁၂/လသယ(ပြု)၀၀၀၄၉၂ (ဘ)ဦးချစ်တီး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၃၄၁၇) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၀၉/၂၀၂၂ (၂၆-၅-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ချောစုဝင်း ၁၂/ကမရ(နိုင်)၀၀၀၆၈၀ (ဘ)ဦးကျော်ဝင်းမှ ဒေါ်ခင်ချမ်းမြေ့လွင် ၁၂/ကမရ(နိုင်) ၀၆၈၉၇၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မြို့ရိုး(၁)လမ်း၊ အမှတ်(၁၂၉)နေ ဦးဝင်းထွန်းလှိုင် (ဘ) ဦးခင်ဝင်း (၁၄/ကပန(နိုင်)၁၃၂၂၄၀)ကိုင်ဆောင်သူသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏မူပိုင်အဖြစ်သုံးစွဲရန်မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၆၈၅) ဖြင့် (၁၆-၅-၂၀၂၃) ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်-

(၄/၄၆၈၅)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **"ကွဲကွဲ"**ဟူသောအမည်အမှတ်အသားဖြင့် **"ဆန်အမျိုးမျိုး"**တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိ၏ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့်ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏မူပိုင်အဖြစ်အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ရောင်ထင်မှား ဆင်တူရိုးမှားတုပပြုလုပ်၍ မိမိမှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်မျှ တရားမဝင် တုပသုံး စွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြား သိရပါက ဥပဒေနှင့်အညီ ထိထိရောက် ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ (အမည်တူ)၊ ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ဖုန်း-၀၉-၅၄၀၁၁၀၄၈**

---

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အလက(ခြံကြီးစု) ကျောင်းမှ မောင်ဝါရှိုင်း (Grade-3)နှင့် မသဲသဲဝင်း (Grade-4)တို့၏ ဖခင်အမည်မှန်မှာ ဦးပြုံးတင် ၇/မညန(နိုင်) ၀၉၉၀၉၇ ဖြစ်ပါကြောင်း။

ဦးပြုံးတင်

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အထက(သစ်ရာကောက်) Grade-5 မှ မောင်ညဏ်ဖုန်းမြင့်ဇော်၏ ဖခင် ဦးသိန်းဇော်၏ အမည်မှန်မှာ ဦးသူရိန်ထွန်း ၈/မကန(နိုင်) ၃၃၂၁၉၃ ဖြစ်ပါကြောင်း။

ဦးသူရိန်ထွန်း

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၅၅၀၁, Honda PCX 150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မီမီအောင် ၆/ထဝန(နိုင်) ၁၀၂၆၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၈၇၃၇, ဟွန်ဒါဝေ့ NF 110, T/I, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသန်း ၆/ထဝန (နိုင်)၀၆၈၆၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၁၉၈၄၇, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဇာထွေး ၆/သရခ(နိုင်)၀၉၀၃၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၇၂၀၄၅, Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးသီဟအောင် ၆/ရဖန(နိုင်)၀၉၃၉၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

---

## ဖခင်အမည်မှန်

ကမမောင်းမြို့၊ အမှတ် (၂) အခြေခံမူလတန်းလွန်ကျောင်း Grade-4 မှ မနှင်းအိစံ၏ ဖခင်အမည်မှန်မှာ ဦးဇေယျာထွေး ၃/ဖပန(နိုင်) ၀၄၆၅၇၆ ဖြစ်ပါကြောင်း။

ဦးဇေယျာထွေး

---

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ လဲလူကျေးရွာအုပ်စု၊ လဲလူကျေးရွာနေ (ဘ) ဦးမာခင်၏သား ကျွန်တော် မောင်တင်လင်းအောင် ၈/မသန(နိုင်)၀၆၉၄၉၀၏ ယခင် နိုင်ငံကူးလက်မှတ်အမှတ် (802654)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၈၇၈၂၄၀၂

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 27W/32686 ယာဉ် လက်ဝယ်ရှိသူ ဦးမျိုးမင်းဇော် ၂/ဒမဆ(နိုင်)၀၄၁၂၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1B/3518 ယာဉ်လက်ဝယ်ရှိသူ ဦးပိုးရယ် ၂/လကန(နိုင်) ၀၈၁၅၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 7F/7846, Toyota Dyna ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွန်း ၁၃/တကန(နိုင်) ၁၈၁၁၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ယခင်ဒဂုံမြို့သစ်(တောင်ပိုင်း)ယခုဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၀)၊လူနေရပ်ကွက်အမှတ်(၁၅၀)၊မြေကွက်အမှတ်(၁၆၃၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ခင်သန်းမြင့်(TKA-၀၃၁၃၇၄)အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးငြိမ်း(၁၂/ဥကမ(နိုင်)၂၁၂၆၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဇော်မျိုးနိုင် | ဦးတင်ကိုလှိုင် |
|---|---|
| LL.B, D.B.L | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂/မြေညီ)၊ငမိုးရိပ်(၁၀)လမ်း၊အပိုင်း(၄)၊ငမိုးရိပ်ရပ်ကွက်၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၂၅၀၂၉၀၇၈၁၊ ၀၉ ၂၅၀၉၇၇၇၂၉

## အလုပ်သမားဝန်ကြီးဌာန
## နေပြည်တော်၊ ရုံးအမှတ် (၅၁)
## တင်ဒါခေါ်ယူရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအောက်ရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကိုရီးယားသမ္မတနိုင်ငံသို့ EPS စနစ်ဖြင့် စေလွှတ်မည့်လုပ်သားများအတွက် တူညီဝတ်စုံ (ဦးထုပ်၊ ရှပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီ)ချုပ်လုပ်ရန် အောက်ဖော်ပြပါ အထည်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးထုပ်(အရှေ့ပိုင်းနက်ပြာရောင်နှင့် အနောက်ပိုင်းအဖြူရောင်) | - | ၅၀၀၀ ထည် |
| (ခ) | ရှပ်အင်္ကျီလက်ရှည်(အဖြူရောင်) | - | ၅၀၀၀ ထည် |
| (ဂ) | ဘောင်းဘီရှည်(နက်ပြာရောင်) | - | ၅၀၀၀ ထည် |
| (ဃ) | ဂျာကင်အင်္ကျီ (အပေါ်ထပ်) (နက်ပြာရောင်) | - | ၅၀၀၀ ထည် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ် (၅၁)၊ နေပြည်တော်၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံဖိုးကျသင့်ငွေမှာ ၁၀၀၀၀ိ/- ဖြစ်ပါသည်။

၃။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၂-၆-၂၀၂၃ရက်မှ၁၆-၆-၂၀၂၃ရက်ထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၁၉-၆-၂၀၂၃ရက်မှ၂၃-၆-၂၀၂၃ရက်ထိ (ရုံးချိန်အတွင်း)

၅။ တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်နေ့ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၆၈၄၃၊ ၀၆၇-၄၃၀၁၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး ဝန်ကြီးဌာန website ဖြစ်သော www.mol.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**
**နေပြည်တော်**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် 12kV & 33kV AWOC Cable များ ဝယ်ယူခြင်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | ၉-၆-၂၀၂၃ရက် (သောကြာနေ့) |
| **တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းမည့်ရက်** | - | ၂၂-၆-၂၀၂၃ရက် ၁၂:၀၀နာရီ |
| **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** | - | ၂၂-၆-၂၀၂၃ရက်၊ ၁၆:၃၀ နာရီ |

၂။ သတ်မှတ်အချိန်/ရက်ထက်ကျော်လွန်တင်သွင်းလာသည့်လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များစုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီး၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာန၊ ဖုန်း-၀၆၃-၂၀၂၅၈၀၉သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/5950 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ အထကခွဲ(ထန်းရုံ)ကျောင်း Grade-6 တွင် ပညာသင်ကြားနေသည့် မအိရတနာခိုင်၏ ဖခင် ဦးလင်းနှင့် ဦးကိုလင်း ၈/သရန(နိုင်)၀၈၃၇၂၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်း ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ ရေထွက် Grade-7 တွင် ပညာသင်ယူနေသော မမြတ်နိုးသူနှင့် မရွှန်းလဲ့ဖွေးတို့၏ မိဘအမည်မှန်မှာ ဦးသိန်းဌေး ၈/မဘန(နိုင်)၁၄၁၁၂၄ နှင့် ဒေါ်နွယ်နွယ်ဦး ၉/မခန(နိုင်)၁၂၀၀၇၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/7205, Nissan Candor PW37A, Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှေ ၁၄/ကပန (နိုင်)၁၀၉၆၈၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9120, FORD RANGER P/U (4x4)R, Open Cab ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၁၂/ဒဂတ(နိုင်)၀၁၀၄၅၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်နယ်အစိုးရအဖွဲ့
## ကချင်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် အဆောက်အအုံ ဆောက်လုပ်ခြင်း၊ နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်း၊ တံတားဆောက်လုပ်ခြင်းနှင့် ကျေးလက်ရေးရရှိရေး လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်သောကြောင့် ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါ နေ့ရက်အတိုင်း (မြန်မာ)ကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံများ ရောင်းချမည့်ရက်** | - | ၁-၆-၂၀၂၃ရက်မှ ၁၄-၆-၂၀၂၃ရက် ရုံးချိန်အတွင်း |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - | ၁၄-၆-၂၀၂၃ရက် ၁၅:၀၀ နာရီအထိ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ဘဏ္ဍာဌာနစု၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး |

(ဃ) သတ်မှတ်ချိန်ထက် ကျော်လွန်၍ တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(င) အသေးစိတ်သိရှိလိုပါက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဘဏ္ဍာဌာနစု၊ ဖုန်း-၀၇၄-၂၅၂၄၂၃၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပူးတွဲပါ - လုပ်ငန်းများစာရင်း (၁)ရွက်

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**

## လေလံလျှောက်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်း အောက်ဖော်ပြပါမြို့နယ်များမှ မြေနှင့်အဆောက်အအုံများအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) နတ်မောက်မြို့၊ ဝါပန်ကျေးရွာ၊ အောင်ချမ်းသာစိုက်/ထုတ် အသင်းပိုင်မြေ (၉၀'x၃၇') (၀.၀၇၆) ဧကနှင့် ၎င်းမြေပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ မြေစိုက်အဆောက်အအုံ (၁)လုံး ဆက်သွယ်ရန် ဖုန်း-၀၉-၆၉၅၁၅၀၆၀၆၊ ၀၉-၆၉၇၀၀၅၃၁၀

(ခ) မြို့သစ်မြို့၊ ဘုရားကြီးရပ်ကွက်၊ မြို့ဦးလမ်းမြောက်ဘက်၊ ကွင်းအမှတ် (၁၁)၊ ဦးပိုင်အမှတ် (၁၇၈/၁)ရှိ မြေ (၀.၄၅၉) ဧကအနက်မှ ၀.၃၀၄ဧကနှင့် ၎င်းမြေပေါ်ရှိ (၅၀'x၁၉'x၁၉') အသင်းစုရုံး၊ (၄၀'x၃၂'x၁၂') အုတ်လိုင်း မြေစိုက်၊ ဝါးကပ်ကာ၊ သွပ်မိုး ဆက်သွယ်ရန် ဖုန်း-၀၉-၆၉၁၇၉၃၅၈၈

| | | |
|---|---|---|
| **နတ်မောက်၊ မြို့သစ်မြို့နယ်များ၏ လေလံလျှောက်လွှာရောင်းချမည့်ရက်** | - | ၉-၆-၂၀၂၃ရက် |
| **နတ်မောက်၊ မြို့သစ်မြို့နယ်၏ လေလံပိတ်သိမ်းမည့်ရက်** | - | ၁၅-၃-၂၀၂၃ရက်ညနေ ၁၆:၀၀နာရီ |
| **မြို့သစ်မြို့နယ်၏ လေလံဖွင့်ဖောက်မည့်ရက်/အချိန်** | - | ၁၆-၆-၂၀၂၃ရက် နံနက် ၁၀:၀၀နာရီ |
| **နတ်မောက်မြို့နယ်၏ လေလံဖွင့်ဖောက်မည့်ရက်/အချိန်** | - | ၁၇-၆-၂၀၂၃ရက် နံနက် ၁၀:၀၀နာရီ |
| **လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ** | - | (သက်ဆိုင်ရာမြို့နယ်အလိုက် ဖော်ပြထားသော ဖုန်းနံပါတ်များ တွင်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။) |
| **လေလံလျှောက်လွှာထည့်သွင်း/- ဖွင့်ဖောက်မည့်နေရာ** | - | လျှောက်လွှာဝယ်ယူတင်သွင်းသည့် နေရာ |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက် အမှတ် (M-၁၅၉)၊ ဧရိယာ ၀.၁၁၀ ဧကရှိ ဦးနေမျိုးအောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၁၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဇော်ဇော်အောင် ၁၂/မဂဒ(နိုင်)၁၀၀၉၀၆ မှ နှစ် ၃၀ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ဂျူလိုင်ထွဏ်းကြည် ၁၂/စခန(နိုင်)၀၆၂၀၃၆နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့နေ ဒေါ်သန်းသန်းဦး ၁၂/တမန(နိုင်)၀၀၈၃၈၆၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၂၈၆)၊ (၄)လွှာ (ဝဲဘက်တိုက်ခန်း)၊ အလျား (ပေ ၇၀xအနံ ၁၂ပေခွဲ)ရှိသော အခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးသောင်းထွန်း ၁၂/တမန(နိုင်)၀၉၁၅၆၂ထံမှ ဒေါ်သန်းသန်းဦး ၁၂/တမန(နိုင်)၀၀၈၃၈၆က ၂၀၀၇ ခုနှစ်တွင် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီး ရပ်ကွက်အေးချမ်းဖြိုးကောင်စီတွင်လည်း မှတ်တမ်းတင်ထားရှိခဲ့ပြီး နေထိုင်လာခဲ့ရာ ယနေ့တိုင် (၁၆)နှစ်ကျော်ရှိနေပြီး ဒေါ်သန်းသန်းဦး တစ်ဦးတည်းပိုင်တိုက်ခန်းဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ရေးဆိုင်ခွင့်ကို ကန့်ကွက်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမြင့် (LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၂)၊ ရုံးအမှတ် (၁၆၁/A3)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၆၅၀၆၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
## အမှတ် (၂)တည်ဆောက်ရေး၊
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ်-၂/ ၂၀၂၃-၂၀၂၄)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၂) တည်ဆောက်ရေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီးခရိုင်၊ လဟယ်မြို့၏ အနောက်တောင်ဘက် (၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဘိလပ်မြေတန် (၉၀၀)ဝယ်ယူပို့ဆောင်ခြင်း လုပ်ငန်း (Lot-11) အား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လို ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာန၊ အမှတ် (၂) တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၂)ရုံး၊ မန္တလေးမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါ ရန် မေတ္တာရပ်ခံပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၉-၆-၂၀၂၃ရက်နှင့်အချိန် (နံနက် ၉:၀၀ နာရီ) |
| **တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးရောင်းချမည့် ရက်နှင့်အချိန်** | - | ၂၂-၆-၂၀၂၃ရက် ညနေ ၄:၀၀နာရီ |
| **တင်ဒါအဆိုပြုလွှာများ တင်သွင်းရမည့်ရက်နှင့်အချိန်** | - | ၂၃-၆-၂၀၂၃ရက် ညနေ ၄:၀၀နာရီ |

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၄၀၄၁၀၉၀၊ ၀၉-၄၀၂၆၂၇၁၁၂

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/65502 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွိလှေပါရီ ၄/ဟခန (နိုင်)၀၃၄၂၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ချင်းပြည်နယ်ရုံး**
**(ဟားခါး)**


## ကန့်ကွက်နိုင်ပါသည်


ယာဉ်အမှတ် 52W/5525, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ဟသတ (နိုင်)၃၁၉၀၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။


**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ်(၆၇)နေ ဦးနေမျိုးအောင် (ဘ) ဦးအောင်သွင် (၁၄/မမန (နိုင်)၁၇၁၀၁၃) ကိုင်ဆောင်သူသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏မူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၄၆၆၃)၊ (၄/၄၆၆၄)၊ (၄/၄၆၆၅)တို့ဖြင့် (၁၆-၅-၂၀၂၃) ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်များ၏ မူပိုင်ဖြစ်ပါသည်-


(၄/၄၆၆၃)


(၄/၄၆၆၄)


(၄/၄၆၆၅)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **"ပန်းရနံ့"**၊ **"ဖယောင်းရွှေစင်"**၊ **"ဖယောင်း"** ဟူသော အမည်အမှတ် အသားများဖြင့် **"ဆန်အမျိုးမျိုး"**တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိ၏ ကုန်အမှတ်တံဆိပ်များနှင့်စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများအား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို မိမိ၏မူပိုင်အဖြစ် အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ရောင်ထင်မှား၊ ဆင်တူရိုးမှားတုပပြုလုပ်၍ မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ တရားမဝင်တုပသုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြား သိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမည်အမှတ်အသားများနှင့်ပတ်သက်၍(အမည်တူ) ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၈)၊ Grade (12)မှ မနှင်းတက်လွင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၄/ပသန(နိုင်)၂၈၂၀၇၂ ဖြစ်ပါကြောင်း။

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ်(၆၂)နေ ဦးကျော်တင့် (ဘ) ဦးစိန်မြင့် (၁၄/ပသရ(နိုင်)၀၀၀၁၉၁)ကိုင်ဆောင်သူသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏ မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၆၆၆) ဖြင့် (၁၆-၅-၂၀၂၃) ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်-


(၄/၄၆၆၆)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **"သုထက်စံ"** ဟူသော အမည်အမှတ်အသားဖြင့် "ဆန်အမျိုးမျိုး"တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

မိမိ၏ ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းပတ်သက်သည့် ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိ၏မူပိုင်အဖြစ်အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ရောင်ထင်မှား ဆင်တူရိုးမှားတုပပြုလုပ်၍ မိမိမှတစ်ပါး အခြားမည်သူတစ်ဦး တစ်ယောက်မျှ တရားမဝင်တုပ သုံးစွဲခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြား သိရပါက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။ ၎င်းအမှတ်တံဆိပ် အမည်အမှတ်အသားနှင့်ပတ်သက်၍(အမည်တူ)၊ ကန့်ကွက်လိုပါက သတင်းစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၀၄၈**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ တောင်ပေါ်ကြီး ကျေးရွာ အထကကျောင်း Grade-12 မှ မောင်ချစ်မင်းသူ၏ ဖခင်အမည်မှန်မှာ ဦးညီမျိုးထွန်း ၁၃/ရစန(နိုင်)၀၈၅၂၁၇ ဖြစ်ပါကြောင်း။ **ဦးညီမျိုးထွန်း**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ တောင်ပေါ်ကြီး ကျေးရွာ အထကကျောင်း Grade-12 မှ မဇာနည်မျိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၁၃/ရစန(နိုင်)၀၁၂၃၆၉ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ တောင်ပေါ်ကြီး ကျေးရွာ အထကကျောင်း Grade-12 မှ မဖြူစင်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးညွန့် ၁၃/ရစန(နိုင်)၀၆၅၂၆၆ ဖြစ်ပါကြောင်း။

**ဦးမျိုးညွန့်**

## ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ပုသိမ်မြို့
## ရုံးသုံးပရိဘောဂ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း/ရုံးများတွင် အသုံးပြုရန် ရုံးသုံးပရိဘောဂများ (၃)မျိုးအား Lot (၄)ခု ခွဲ၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ** - ၉-၆-၂၀၂၃ရက် (သောကြာနေ့)
**ပုံစံစတင်ရောင်းချမည့်ရက်/နေရာ** ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၆-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီ
**တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ မဟာဗန္ဓုလလမ်း၊ ပုသိမ်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဘဏ္ဍာဌာန၊ ဖုန်း-၀၉-၇၈၁၃၈၉၉၅၅သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) (၃) ရုံး၊ အခြေစိုက် ဖွင့်လှစ်ထားသော မုံရွာမြို့၊ အလုံ(မင်းဒေါင့်) ရပ်ကွက်၊ အလုံတောင်ကွင်း၊ ကွင်းအမှတ် (၃၂၇)တွင် ပါဝင်သော မြေကွက် (၉၆)ကွက်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံပိုင်သတင်းစာများတွင် နှစ်စဉ်ကြော်ငြာ ထည့်သွင်းပြီး လျော်ကြေးငွေများပေးအပ်လျက်ရှိရာ ယနေ့အထိ မြေကွက် (၉၀) ကွက်အား လျော်ကြေးငွေပေးလျော်ခဲ့ပြီးဖြစ်ပါသည်။ ပေးလျော်ရန် ကျန်ရှိသည့် မြေကွက် (၆)ကွက်အနက် မြေကွက် (၁)ကွက်မှာ လျော်ကြေးငွေရရှိရန် ဆက်သွယ်ဆောင်ရွက်ပြီးဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသေးသည့် အောက်ဖော်ပြပါမြေကွက် (၅)ကွက်၏ ပိုင်ရှင်များအနေဖြင့် ယခုကြော်ငြာသည့်ရက်မှစ၍ ၃၀-၆-၂၀၂၃ ရက်အတွင်း နောက်ဆုံးထား၍ သက်ဆိုင်သူကာယကံရှင်များကိုယ်တိုင် ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၊ မုံရွာမြို့သို့ လာရောက်ဆက်သွယ်ကြရန် နောက်ဆုံးအကြိမ် အသိပေးကြေညာအပ်ပါသည်။

| စဉ် | မြေကွက်ရရှိသူအမည် | အကွက်အမှတ်နှင့် ဦးပိုင်အမှတ် |
|---|---|---|
| ၁ | ဦးတင်လင်း | ၂ လမ်း-စ(၁) |
| ၂ | ဗိုလ်မှူးသန်းထွန်းအောင် | ၁လမ်း-စ(၆) |
| ၃ | ဗိုလ်ကြီးရန်နိုင်ထွန်း (ဦးကျော်ဆွေ) | ၃လမ်း-ဆ(၅) |
| ၄ | ဗိုလ်ကြီးမျိုးမြင့် | ၂လမ်း-ဆ (၁၄) |
| ၅ | အရာခံဗိုလ်လှဝင်း | ၃လမ်း-ဇ (၁၄) |

**လျော်ကြေးငွေပေးအပ်ရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့**

---

## မိဘအမည်မှန်

